

ကိုကိုမုန်းမှာစိုးမိတယ်

# (၁)

"ဒိုင်း"

"အမေ့"

"ဖုတ်"

"အိုး"

ဒိုင်းခနဲ့ သေနတ်သံတစ်ချက် ကြားလိုက်ရပြီး သူ့ခြေထောက်နားသို့ မရှုမလှ ကျလာသော ငှက်ကလေးတစ်ကောင်ကို တွေ့လိုက်ရလျှင် လန့်သွား၏ ။

"ဖုတ်...ဖုတ်...ဖုတ်"

ဒီဇင်ဘာသည် ငှက်သေကလေးကို ငုံ့ကြည့်နေရာမှ ပြေးလာသော ခြေသံ တွန့်သွားသည့် နေရာကို ဆတ်ခနဲ့ ကြည့်လိုက်သည်။

လေသေနတ်တစ်လက်ကို ကောင်ဆောင်ထားသော သူနှင့် သက်တူရွယ်တူ ယောကျ်ား ပျိုတစ်ဦးကို တွေ့ရသည်။

"ရှင်...ရှင် ဘယ်လို လုပ်လိုက်တာလဲ"

"ဒေါသဖြင့် ရန်တွေ့လိုက်သည်။

"ငှက်ပစ်လိုက်တာလေ"

ဘက်တစ်ဘက်က သားရေအိတ် တစ်လုံးကို ကိုင်ကာ ပခုံးတစ်ဘက်တွင် စလင်းဘက်ကို လွယ်ထားသော မိန်းကလေးက နုနုချောချော လှလှကလေးကို ဝေယံကိုကိုက မခိုးမခန့် ပြောလိုက်သည်။

"ရပ်ကိုက ထောင့်မကျိုး လိုက်တာ"

ဝေယံကိုကိုကို ကြည့်ပြီး ဒီဇင်ဘာသည် စိတ်ထဲတွင် အချဉ်ပေါက်သွားသည်။

“ခင်ဗျားက သီတဂူကို ဘာလာလုပ်တာလဲ”

“ကိစ္စ ရှိလို့ပေါ့”

ခပ်ဘုကျကျပဲ ဒီဇင်ဘာက ဖြေလိုက်၏ ။

“အဟား..ဟား...ဟား၊ သဘောကျသွားပြီး သိပ်သဘောကျသွားပြီး ၊ အဟား... ဟား... ဟာ..”

ဒီဇင်ဘာသည် ထောင့်မကျိုး ...အချိုး မပြေသော လူရွယ်ကို ကြည့်ကာ ဒေါသထွက်နေစဉ် သူ့ နောက်ဘက်မှ ကားတစ်စီး ဝင်လာ၏ ။

ကားသည် ချက်ချင်း ရန့်တပ်သွားပြီး ကားပေါ်မှ အသက် နှစ် ဆယ့်ငါး သုံးဆယ်ခန့် ရှိမည့် လူ တစ်ယောက် ဆင်းလာသည့် သူသည် တပ်ဆင်းထားသော ရောင် နေရောင် ကာ မှန်ကို ချွတ်၍ ဒီဇင်ဘာအား တစ်လှည့် လေသေနတ်ကြီး ကိုင်ကာ ရပ်နေသော ဝေယံကိုကိုအား တစ်လှည့် ကြည့်လိုက်သည်။

“မင်း ဆရာမ ဒီဇင်ဘာ ဆိုတာလား”

“ဟုတ်ပါတယ်”

“ကိုယ်က နောင်လတ်ပါ”

“သြော် ...ဟုတ်...ဟုတ်ကဲ့၊ ဦးနောင်လတ်ကိုကို”

“ဆောရီးပဲ၊ မင်းကို အမိကြိုဖို့သွားတာ လမ်းမှာ ကားက ဒုက္ခပေးနေလို့ တော့လွဲလွဲ သွားတယ်”

“ကိစ္စမရှိပါဘူး ၊ ဒါမျိုး တွေ က ဖြစ်တတ်ပါတယ်”

“ကိုကို သူက ကိုကို ပြောတဲ့ ရန်ကုန်က ပရိုက်ဗိတ်နပ်(စ်)ဆိုတာလား”

ရှေ့သို့ တိုးကပ်လာရင်း ဝေယံကိုကိုက မေးလိုက်သည်။

“ဟုတ်တယ် နေပါဦး ...မင်းက ဒါ ဘာလာလုပ်နေတာလဲ ဝေယံ”

"ငှက်ပစ်နေတာလေ ၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ ကျွန်တော် ပစ်လိုက်တဲ့ ငှက်ကလေးက ဆရာမ လှလှကလေး ရှေ့ကို ကျွမ်းထိုးမှော က်ခုံ ကျသွားတော့တာပဲ ၊ အဟင်း...ဟင်း...ဟင်း..."

ဝေယံကိုကိုက ဒီဇင်ဘာ၏ ဖြူဝင်းပြည့်ဖြိုး သော ခြေထောက်လှလှကလေး တစ်စုံ၏ ရှေ့တွင် ကျနေသော ငှက်ကလေးကို ကုန်းကောက်၍ ခြေနှစ် ချောင်းမှ ကိုင်ကာ နောင်လတ်ကိုကိုအား ပြလိုက်သည်။

ဒီဇင်ဘာသည် စက်ဆုပ်ဟန်ဖြင့် ဝေယံကိုကို၏ မျက်နှာကို တစ်ချက်ကြည့်လိုက်သည်။

"မင်း ကတော့ လုပ်လိုက်ရင် ဒီလိုချည်းပဲ ၊ ဆရာမ ကို အားနာစရာ ဖြစ်နေပြီ ၊ သူ့ အပြုအမူအတွက် ကိုယ်ကပဲ တောင်းပန်ပါတယ်...၊ သူက ကိုယ့်ညီ ဝေယံကိုကိုပါ ဒီဇင်ဘာ"

ဒီဇင်ဘာသည် အသိအမှတ်မပြုလိုဟန်ဖြင့် မျက်နှာကလေး ဖျတ်ခနဲ တစ်ဘက်သို့ လှည့်ထားလိုက်သည်။

"ဆရာမ ဒီဇင်ဘာက တို့ကို သိရတာ ဝမ်းမသာဘူး ထင်ပါရဲ့ ၊ နေပါစေလေ၊ တို့ ကတော့ ဆရာမ ဒီသီတဂူခြံကြီးသို့ ရောက်လာတာကို သိပ်ဝမ်းသာပါတယ်လို့ ပြောလိုက်ပါရစေ"

ဝေယံကိုကိုသည် သူ့စကားအပြုံး စွက်၍ ပြောလိုက်ပြီး ငှက်သေကလေးကို လေတွင် မြှော က်ကာ ဆော့ကစားရင်း သစ်ပင်ကြီးများ အုပ်ဆိုင်းနေသည့်ဘက်သို့ ဝင်ရောက်ပျောက်ကွယ် သွားတော့သည်။

*

“ဒုန်း”

“ဒုန်း”

“ခွမ်း”

“ဟာ.. ဘာတွေ ဖြစ်ကုန်ပြီလဲ မသိဘူး”

ပြောပြောဆိုဆို နောင်လတ်ကိုကိုဆိုသူက ရှေ့ကပြေး ထွက်သွားသဖြင့် သူ့နောက်မှ ဒီဇင်ဘာလည်း အယောင်ယောင် အကန်းကန်း ပြေး၍ လိုက်လာခဲ့မိသည်တွင် တိုက်ကြီးထဲသို့ ရောက်ရှိလာ၏ ။

“သွား...သွား၊ ဒါတွေ ငါမစားဘူး၊ ငါ့ အခန်းထဲ ဘယ်သူမှ ဝင်မလာနဲ့ ၊ သွား... ခုထွက်သွား”

တိုက်ကြီးထဲရှိ အိမ်ခန်းတစ်ခုထဲက အသံကြီး ဟိန်းထွက်လာ၏ ။

ထိုအော်သံနှင့် မရှေးမနှောင်းမှာ ပင် အခန်းထဲမှ အမျိုး သမီးကြီးတစ်ဦး ကသော မျော ထွက်လာသည်။

“ဖေဖေ ဘာ ဖြစ်တာလဲ ဒေါ်ဒေါ်ဦး”

“ထုံစံအတိုင်း ပေါ့ကွယ်၊ စားစရာ သောက်စာ ယူသွားတာ အကုန်ပေါက်ခွဲ လွှင့်ပစ်လုပ်လိုက်တယ် ၊ စိတ်ညစ်လှပါပြီ”

ဒေါ်ဒေါ်ဦးသည် အင်္ကျီလက်စဖြင့် သူ့မျက်လုံးကို တို့ကာ နေရာမှ ထွက်သွားသည်။

ဆရာမ လေး ဒီဇင်ဘာသည် သူ့လက်ထဲမှ သားရေအိတ်နှင့် ဆလင်းဘက်ကိုချခဲ့ပြီ လူနာ၏ အိပ်ခန်းဝသို့ သွားကာ အတွင် းကို အကဲခတ် ကြည့်ရှုလိုက်သည်။

ဒေါသူပန်းထနေသူ လူမမာသည် ခုတင်ပေါ်တွင် ပက်လက် အနေအထားဖြင့်

အသက်ကို ဖုတ်လိုက် ဖုတ်လိုက် ရှုကာ မောနေ၏ ။

"နေဦး ဆရာမ "

လူနာခန်းထဲသို့ဝင်လိုက်သည်နှင့် ဒီဇင်ဘာကို နောင်လတ်ကိုကိုက လှမ်းဆွဲထားလိုက်သည်။

"ရပါတယ်"

ဒီဇင်ဘာသည် လူနာခန်းထဲသို့ ဝင်သွားပြီး ရေတကောင်းထဲမှ ရေတစ်ခွက်ကို ငှဲ့ယူကာ ခုတင်အနီးသို့ ချဉ်းကပ်သွားသည်။

"ဟင်....နင်..နင် ဘယ်သူလဲ"

ခုတင်ဘေးတွင် ရပ်လာသော ဒီဇင်ဘာကို တွေ့ရလျှင် ဦးကိုကိုလတ်သည် ငေါက်ခနဲ့ ထထိုင်လိုက်ပြီး လက်ညှိုး ထိုးကာ မျက်လုံးပြူး ကြီးများ ဖြင့် ကြည့်၍ မေးလိုက်သည်။

"ရန်ကုန်က ခုပဲရောက်လာတဲ့ ဆရာမ ဒီဇင်ဘာပါ၊ ရော့ ဦး မောနေတယ်၊ ရေနည်းနည်း သောက်လိုက်ပါ"

အိမ်ခန်းဝမှ လှမ်း၍ အရိပ်အခြည် ကြည့်နေသော နောင်လတ်ကိုကိုထံသို့ ဝေခနဲ တစ်ချက် ကြည့်လိုက်ပြီး ဆရာမ လေးက ရေခွက်ကို လူမမာအား ပေးလိုက် သည်။

"မသောက်ဘူး မသောက်ဘူး ဘာ ဆရာမ လဲ ၊ နာမည်ကိုက ဒီဇင်ဘာတဲ့... သွား"

သူက ဒီဇင်ဘာ၏ လက်ကို တွန်းပစ်လိုက်သည်။

ရေများ ဖိတ်စဉ်ကုန်၏ ။

"ဘာ ဖြစ်လို့ ဒီလောက် ဒေါသကြီးနေတာလဲ၊ ကိုယ့်မှာ ရောဂါ ကြီးနဲ့ မဟုတ်လား၊ စိတ်ထိန်းမှာ ပေါ့ ဦးရယ်"

“နင်က ငါ့ကို ဆရာလုပ်တယ် ဟုတ်လား၊ ဟွန်း....မလောက်လေး မလောက်စား အရွယ်ကလေးကများ ၊ ဒီအိမ်မှာ ဆရာဆိုလို့ ငါ တစ်ယောက် ပဲ ရှိတယ် သွား၊ နင် ထွက်သွား”

“ဟင့်အင်း မသွားနိုင်ဘူး၊ ဒီအိမ်မှာ ဆရာဝန်ပြီးရင် ဦးအတွက် ကျွန်မက ဆရာမ ၊ ရော့ ရေသောက်ပါ ဘယ်ကိုမှ ကျွန်မ ထွက်မသွားနိုင်ဘူး”

ရေခွက်ကို ဆရာမ လေးက လူမမာ လက်ကို ကိုင်၍ အရောက် ပေးလိုက် ၏ ။

လူမမာ ဦးကိုကိုလတ်သည် ရေခွက် ကိုင်လိုက်မိပြီး ဟောဟဲ...ဟောဟဲ အသက်ရှုရင်းက ဆရာမ လေး ဒီဇင်ဘာကို မျက်လုံးပြူး ကြီး အစုံဖြင့် ကြည့်နေ၏ ။

လူသာ ငယ်သည် သတ္တိ မသေးသော ဒီဇင်ဘာကလည်း ဦးကိုကိုလတ်ကို မမိတ်မသုန်သော မျက်လုံးအစုံဖြင့် ပြန်ကြည့်နေမိ၏ ။

“သောက်လိုက်လေ ဦး”

ဦးကိုကိုလတ်သည် လက်ထဲက ရေခွက်ကို မော့ချလိုက်၏ ။

“ဖြည်းဖြည်း သောက်ရတယ် ဦးရဲ့ ၊ မောနေတာ မဟုတ်လား ၊ ကဲ ...ခေါင်းအုံး ကျောကို ခုပေးမယ် ၊ အမော သက်သာအောင် ခဏ နားနေနော်”

ဆရာမ လေး ဒီဇင်ဘာ လုပ်ကိုင်ပေးသမျှကို မျက်စိမလွှဲ ကြည့်ရင်း ငြိမ်ခံနေသော ဖခင် ဖြစ်သူကို တွေ့ရလျှင် နောင်လတ်ကိုကိုသည် ကျေနပ် အားရဟန်ဖြင့် ဦးခေါင်းကို ဆတ်ခနဲ့ ညိတ်လိုက်ပြီး အိပ်ခန်းထဲသို့ ဝင်လာ၏ ။

“သားကြီး”

“ဖေဖေ”

နောင်လတ်ကိုကိုသည် ခုတင်စွန်းတွင် တင်ပါးလွှဲ ဝင်ထိုင်ပြီး ဖခင်၏ လက်နှစ်ဘက်ကို ကြင်နာမြတ်နိုးစွာ ကိုင်ထားလိုက်သည်။

“သူက ဖေဖေအတွက် နက်(စ်)တဲ့ မဟုတ်လား သားကြီး”

"ဟုတ်တယ် ဖေဖေ၊ သား သူငယ်ချင်း ဒေါက်တာ သက်ဝေ ရန်ကုန်က လွှတ်ပေးလိုက် တဲ့ ပရိုဗိတ်နပ်(စ်)ပါ"

"ဒီ နံ့ပြီစုတ်မလေး ကတော့ ငါ့ကို နိုင်တယ်"

"ဖေဖေ သူ့ကို မကြိုက်ဘူးလား"

စိုးရိမ်စိတ်ဖြင့် နောင်လတ်ကိုကိုက မေးလိုက်သည်။

"အကောင်သေးပေမယ့် အထင်သေးလို့ မရဘူး သားကြီးရဲ့၊ သူ့ကို ဖေဖေ သဘောကျသွားပြီ အဟား...ဟား..ဟီး"

ဆရာမ လေးသည် ရယ်ချင်လွန်း၍ သူ့ပါးစပ်ကို လက်ကိုင်ပဝါဖြင့် အုပ်ကာ အရှိန် ဆယ်ထားလိုက်ရသည်။

နောင်လတ်ကိုကို ကတော့ ကျေနပ် အားရ လွန်းလှသဖြင့် ကျက်သရေ ရှိလှစွာ ပြုံး နေ၏ ။

"အောင်မလေး ဘုရား သိကြား မ,တာပဲတော်၊ နိုးမဟုတ်ရင်တော့ သူ့ကို ကြည့်ရတာ ကျုပ်တို့လဲ သေတော့မယ် ၊လန့်ပြေးတဲ့ ဆရာမ ပေါင်းလဲ နည်းမနည်းတော့ဘူး"

အမှိုက်ကျုံး ဂေါ်ပြားတစ်ခု၊ တံမြင်စည်း တစ်ချောင်းကို ကိုင်ကာ ဝင်လာသော ဒေါ်ဒေါ်ဦးက ပြောလိုက်သည်။

"ပေး...ဒေါ်ဒေါ် ဒီဇင်ဘာ လှည်းပေးမယ်"

"နေ..နေ၊ ဒေါ်ဒေါ်ပဲ လှည့်ပါ့မယ် ဆရာမ လေးရဲ့ "

ဒေါ်ဒေါ်ဦးသည် ကွဲရှနေသော ပန်းကန်များ ကို တံမြည် းစည်းဖြင် လှည်းကျင်းနေ၏ ။

"နပ်(စ်)က ဒေါက်တာ သက်ဝေရဲ့ နလုံး ရောဂါ ဌာနကပါ ဖေဖေ၊ ဖေဖေ့မှာ ရှိတဲ့ နလုံး ရောဂါ အတွက် အသင့်တော် ဆုံး ကြည့်ရှုပြုစုမယ့်လူကို သက်ဝေက ရှာပေးလိုက်

တာပဲ ၊ ဪ...ဆရာမ နဲ့ သက်ဝေ ဆေးတွေ ထည့်ပေးလိုက် သေးလား”

“ဟုတ်ကဲ့ ဦးအတွက် ဆေးအားလုံး ဒီဇင်ဘာ ယူလာခဲ့ပါတယ် ၊ သားရေအိတ်ထဲမှာ ပါ”

ဆရာမ ကလေးသည် သူ့ သားရေ လက်ဆွဲအိတ်နှင့် ဆလင်းလက်ကို ဧည့်ခန်းတွင် းမှ အပြေးကလေး သွားယူခဲ့ပြီး အတွင် းက သေချာစွာ ထည့်လာသော ဆေးထုပ်ကို ထုတ်ယူလိုက်သည်။

“ဒါက ဒေါက်တာရဲ့ စာပါ၊ ဟောဒါက ခုနောက်ဆုံး အသုံးများ နေတဲ့ အိုက်စိုတင် တက်ပလက် ၊ဒါက ပါစင်တင် ဒီဆေး ကတော့ အင်ဂျစ်၊ ရင်အောင့်ရင် သောက်ဖို့ ၊ ဒီဆေးကတ်တွေ ကတော့ လိုအပ်ရင် တိုက်ဖို့ပေးလိုက် တဲ့ ဗေလီယံဖိုက်ပါ၊ ဆေးသေတ္တာထဲ တည့်လိုက်မယ်နော်”

“ထည့်လိုက်ပါ....ထည့်လိုက်ပါ၊ ဒီဆေးတွေ က ဆရာမ ကိုင်သုံးရမယ့် ဆေးတွေ ပဲ ဆရာမ သိမ်းထားပါ”

“ထည့်လိုက်ပါ..ထည့်လိုက်ပါ ၊ ဒီဆေးတွေ က ဆရာမ ကိုင်သုံးရမယ့် ဆေးတွေ ပဲ ဆရာမ သိမ်းထားပါ”

“နောင်လတ်ကိုကိုက ပြောလိုက်သည်။

“မင်းတို့ ဆေါ်တွေ ကလဲ များ လုချည်းလား၊ ဖေဖေ မသောက်ချင်ဘူးကွာ”

“မသောက်ချင်လို့ ဘယ်ရမလဲ ဖေဖ ၊ မသောက်ရင် ဖေဖေ့ နလုံး ရောဂါ ပိုဆိုးမှာ ပေါ့ ၊ ဖေဖေပဲ ပြောတယ် မဟုတ်လား ၊ ပြန်ကျန်းမာချင်တယ်ဆို ၊ အရေး ကြီး ကစ္စတစ်ခု လုပ်စရာ ရှိတယ်ဆို”

“အင်း.....ဟုတ်တယ် ၊ ဟုတ်တယ် ဖေဖေ့ ဘဝမှာ အင်မတန် အရေး ကြီးတဲ့ ကိစ္စတစ်ခု လုပ်စရာ ရှိနေတယ် သားကြီး ၊ အင်း...ဇော်မှိုင်း ၊ ဇော်မှိုင်း ဇော်မှိုင်း”

နပ်(စ်)မလေး ဒီဇင်ဘာသည် ဆေးဗီရိုတွင် ဆေးများ ကို ထည့်သိုနေရာမှ

လူမမာ ဦးကိုကိုလတ်၏ မျက်နှာကို ချခန် လှည့်ကြည့်လိုက်သည်။

“ဖေဖေ....ဖေဖေ ဇော်မှိုင်း ဇော်မှိုင်းနဲ့ ခဏ ခဏ ဒီနာမည် ကို ပြောတယ်၊ သူက ဘယ်သူလဲ ဖေဖေ ၊ဖေဖေနဲ့ ဘယ်လို ပတ်သက်လဲဟင်”

ဒီဇင်ဘာသည် မျှော်လင့်ချက် ကြီးစွာ ဖြင့် လူမမာ ဦးကိုကိုလတ်ထံမှ ထွက်ပေါ်လာမည့် စကားကို နားစွင်နေ၏ ။

“ဇော်မှိုင်းလား၊ အင်း....ဇော်မှိုင်း၊ အင်း.....နောက်တော့ ပြောပြမယ် သားကြီးရယ်”

ဦးကိုကိုလတ်သည် သူ့ ကိုယ်လုံးကြီးကို ခုတင်အောင်သို့ လျှောက်ချလိုက်ကာ မျက်လုံးများ ကို မှိတ်ထားလိုက်သည်။

ဒီဇင်ဘာသည် မချင့်မရဲကြီး ဖြစ်သွား၏ ။

“ဒိုင်း”

“ဒိုင်း”

ဦးကိုကိုလတ်သည် သူ့ အိပ်ခန်းနှင့် ကပ်လျက် သေနတ်သံ ထွက်ပေါ်လာသဖြင့် မျက်လုံးများ ဖျတ်ခနဲ ပြန်ဖွင့်လာသည်။

“ဟိုကောင်လေး သူများ အသက်တွေ လိုက်သတ်နေပြန်ပြီး ဒုက္ခ...ဒုက္ခ”

ဒီဇင်ဘာ၏ မျက်နှာလှလှကလေးတွင် ခနဲ့ ပြုံး ကလေး တစ်ချက် လူးလွန့်သွား၏ ။

“သူများ အသက်သတ်တာ တစ်ခုတည်း ငရဲကြီးတာ မဟုတ်ဘူး၊ အဟွန့်...ဟင်း”

သူတို့ဘက် ကျောပေး၍ ကျိတ်ရယ်နေသော ဆရာမ လေး ဒီဇင်ဘာ၏ အပြု အမူကို ဦးကိုကိုလတ်ရော နောင်လတ်ကိုကိုပါ မသိလိုက်ကြပါ။

“ဆရာမ လေး ဒေါ်ဒေါ် အိပ်ခန်း ပြင်ပြီးပါပြီ”

“သြော်..ဟုတ်ကဲ့ ဒေါ်ဒေါ်ဦး”

နောင်လတ်ကိုကိုတို့ ခေါ်သည့်ကဲ့သို့ ဒီဇင်ဘာကလည်း ဒေါ်ဦးကို ဒေါ်ဒေါ်ဦးဟု ရင်းနှီးစွာ ခေါ်လိုက်သည်။

ဒေါ်ဦးသည် ကျေနပ်အားရစွာ ပြုံး ပြီး ဆရာမ လေး၏ သားရေး အိတ်ကြီးကို ဆွဲကာ ရှေ့က ထွက်ခွာသွားသဖြင့် ဒီဇင်ဘာလည်း အဝတ်အစား လဲလှယ်ရန် သူ့ နောက်သို့ လိုက်ခဲ့သည်။

*

ဆယ့်လေးပေ ပတ်လည်ခန့် ကျယ်ဝန်းသော အိမ်ခန်းတွင် ဒီဇင်ဘာအတွက် လိုလေးသေးမရှိအောင် ခင်းကျင်းပြင်ဆင်ထားမှု တွေ က ရှိနေ၏ ။

“ကျေးဇူးတင်ပါတယ် ဒေါ်ဒေါ်ဦး”

“ဆရာမ ....ဟောဒါက ရေချိုး ခန်းနဲ့ အိမ်သာ တွဲ လျက်နော်”

“အို...ဟန်ကျတာပေါ့”

“လိုတာရှိလဲ ပြောပါနော် ဆရာမ လေး”

“အားလုံး ပြည့်စုံပါတယ် ဒေါ်ဒေါ်ဦး သိပ် ကျေးဇူးတင်ပါတယ် ရှင့် ဒီဇင်ဘာကိုလဲ အိမ်သား တစ်ယောက် လို သဘောထားပြီး ဒီဇင်ဘာလို့ပဲ ခေါ်ပါနော်”

“သမီးလေးလို့ ခေါ်ရင် ပိုမကောင်းဘူးလား ဟင်”

“အို..သိပ် ကောင်းတာပေါ့၊ ဒီကလဲ မေတ်နေတာ ဆယ်နှစ် သမီးကတည်းကပဲ”

“အို...ဟုတ်လား၊ သမီးမှ မေမေ မရှိတော့ဘူးလား”

"ဖေဖေကော မေမေကော မရှိကြတော့ပါဘူး ဒေါ်ဒေါ်ဦး"

ဒေါ်ဦးသည် နုငယ်ငယ် မိန်းမလှကလေးကိုကြည့်ကာ စိတ်မကောင်း အတော်ဖြစ်သွားမိ၏ ။

"ကဲ..ကဲ သမီးလေး အဝတ်အစားလဲပြီးတော့ တစ်ခုခု စားရအောင်လို့ ဒေါ်ဦး ပြင်ထားမယ်"

ဆရာမ လေး ဒီဇင်ဘာ တစ်ယောက် စိတ်မကောင်းစရာတွေ ဆက်တွေ းနေမည်စိုးရိမ်သဖြင့် စကားလွှဲကာ ဒေါ်ဦးသည် အပြင်သို့ ထွက်ခွာသွားသည်။

တောင်ပေါ် သဘာဝ၏ အေးစိမ့်စိမ့် အရသာကို ကိုယ်ပေါ်တွင် ခံစားနေရသောလည်း ခရီးပန်းလာမှု များ ပြေပျောက်သွားစေရန် ဒီဇင်ဘာသည် ရေကို တဝကြီး ချိုးပစ်လိုက်၏ ။

လန်းဆန်း သွားပါသည်။

အသင့်ရှိသော ရင်မတောင် သနပ်ခါး မွှေးမွှေးကလေးကို သွေး၍ လူးလိုက်သည့်အခါတွင် တော့ ရင်ထတွင် ပို၍ အေးမြ ကြည်လင်သွား၏ ။

စကားဝါရောင် စပို့ရှပ်အင်္ကျီ၊ အနက်ခံပေါ်တွင် အဖြူပွင့်များ ပါသော ကီမိုနိုတစ်ပတ်နွမ်း လုံချည်ကလေးကို ဝတ်ဆင်၍ ထွက်လာသော ဆရာမ ဒီဇင်ဘာကိုဧည့်ခန်းထဲတွင် ရပ်နေသော နောင်လတ်ကိုကိုသည် တွေ .မြင် သွား၏ ။

"လှလိုက်သည့် မိန်းကလေး....

နုလိုက်သည့် အရွယ်....

ဖြူလိုက်သည့် အသား....

နာမည် လေးကလည်း ဒီဇင်ဘာတဲ့ အဆန်းသား၊ လှရက်နိုင်လွန်းပါလား ဒီဇင်ဘာရယ်"

သူ့ အလှတွင် နောင်လတ်ကိုကိုတစ်ယောက် အာရုံနစ်မွန်းသွားသည်ကို တွေ့ရလျှင် ဒီဇင်ဘာ၏ မျက်နှာတွင် ရက်သွေးကလေး ရဲတက်သွား၏ ။

နောင်လတ်ကိုကိုသည် သူ့ အ ဖြစ်သူ သတိရကာ ချက်ချင်း ဣန္ဒြေဆည်လိုက်သည်။

"ဩော်..ဆရာမ ၊ ကော်ဖီနဲ့ မုန့် သုံးဆောင်လိုက်ပါဦး ၊ ဖေဖေ အိပ်ပျော်သွားတုန်း ဆရာမ အနားယူနိုင်ပါတယ် ၊ ခရီးလဲ ပန်းလာတယ် မဟုတ်လား"

"ဟုတ်ကဲ့ ၊ ကျေးဇူးတင်ပါတယ်"

"လာပါ၊ ထမင်းစားခန်းက ဒီမှာ ပါ"

"လာဟေ့ သမီးလေး နောင်နောင်လဲ ထိုင် ဒေါ်ဒေါ်ဦး ကော်ဖီ ပိုဖျော်ထားတယ် သောက်သွားဦး"

စားသောက်ဖွယ်ရာများ အသင့် ဖြစ်နေသော စားပွဲတွင် နောင်လတ်ကိုကို နှင့် ဒီဇင်ဘာတို့ မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်ကြသည်။

ချက်ချင်း လှော်၊ ချက်ချင်း ကြိတ်၍ နွားနို့စစ်စစ်ဖြင့် ဖျောထားသော ကောဖီသည် သောက်ချင်စဖွယ် အငွေ့တထောင်းထောင်း ထ၍ နေသည်။

"သောက်ပါ ဆရာမ ၊ ဒါ ခြံထွက် ကော်ဖီ ၊ခြံထွက် နွားနို့နဲ့ ဖျော်ထားတာပါ"

"အို…ဒါ့ကြောင့် ထင်ပါရဲ့ မွှေးနေတာပဲ"

"မွှေးရင် သောက် …သောက် သမီး ၊ ဟောဒီမှာ တစ်ကရားကြီး"

"ဒေါ်ဒေါ်ဦးလဲ ခုမှ သမီး ၊ ကောက်ရနေပြီး"

"ဟုတ်တယ် နောင်နောင်ရေ ၊သူကလဲ အမေငတ်တဲ့ လူ ၊ ဒီကလဲ သမီးငတ်တဲ့လူ၊ နှစ် ယောက် သားတော့ တွေ့နေကြပြီ"

"ဩော်……ဆရာမလေးမှာ အမေ မရှိတော့ဘူးလား"

“အဖေကော အမေကော မရှိတော့ပါဘူး”

နောင်လတ်ကိုကိုသည် အကြင်နာလွှမ်းသော မျက်လုံးများ ဖြင့် နုငယ်ငယ် မိန်းမလှကလေး ကို ကြည့်လိုက်သည်။

“ကံတရားပေါ့လေ၊ ကောက်မွေးစားလိုက်တဲ့ အမေ ခုလို ကိုယ့်အသက် ကိုယ်မွေးနိုင် အောင် ပညာသင်ပေးလိုက် လို့”

“ဆရာမ ဒေါက်တာ သက်ဝေဆီမှာ အလုပ်လုပ်တာ ကြာပြီးလား”

“သုံးနှစ် ရှိပါပြီ”

“အို..သုံးနှစ် တောင် ရှိပြီးလား ၊လူက ငယ်ငယ်ကလေး ရှိသေးတယ် ၊ လုပ်သက်က ရနေပြီပဲ”

“သမီးလေး အသက် ဘယ်လောက် ရှိသွားပြီးလဲ”

“ဆယ့်ကိုးနှစ် ပြည့်ပြီးပါပြီ ဒေါ်ဒေါ်ဦး“

ဒေါ်ဦး၏ အမေးကို ဒီဇင်ဘာက မကွယ်မဝှက် အမှန်အတိုင်း ဖြေလိုက်သည်။

“ဝေယံထက်တောင် တစ်နှစ် ငယ်သေးတယ်နော် နောင်နောင်”

“ဟုတ်တယ် ဒေါ်ဒေါ်ဦး၊ ကဲ ...စကားပြောနေကြဦး၊ ကျွန်တော် နွားခြံဘက် သွားလိုက်ဦးမယ် ၊ သွားမယ်နော် ဆရာမ ”

“ဟုတ်ကဲ့”

ဒေါ်ဒေါ်ဦးက တူ ဖြစ်သူ၏ ကျောကိုကြည့်ကာ ဦးခေါင်းကို တဆတ်ဆတ် ညိတ်လိုက်သည်။

“နောင်နောင်ဟာ သိပ်လိမ္မာတဲ့ သားကြီး ၊ ပညာရေး ဘက်မှာ လဲ ကောင်းတယ်၊ စီးပွားရေး ဘက်မှာ လဲ သိပ်တော် တယ်၊ ဒီ သီတဂူ ခြံကြီးထဲမှာ ရှိတဲ့ နွားခြံတွေ ၊ စိုက်ခင်းတွေ မှန်သမျှဟာ နောင်နောင့် လုပ်ငန်းတွေ ချည်းပဲ သမီးလေးရဲ့ ”

“ဩော်...ဩော်”

“ဟို အငယ်ကောင် ကတော့ ဆယ်တန်း တဗုန်းဗုန်းကျနေတာ မနှစ် ကမှ အောင်တယ်လေ၊ ခု မန္တလေးတက္ကသိုလ်မှာ တက်နေတယ်”

“ဒီကောင်လေး ကတော့ သီတဂူမှာ အဖြုန်းကောင် သက်သက်ပါ၊ စရိုက်ချင်းကလဲ ဘယ်သူမလဲလေ ၊တစ်အူးတုံဆင်းမှ မဟုတ်ကြတာပဲ”

“အို..ဟုတ်လား၊ သူတို့နှစ် ယောက် ညီအစ်ကိုအရင်း မဟုတ်ဘူးလား”

“မဟုတ်ဘူးကယ့်၊ နောင်နောင် အမေ ဆုံးပြီးမှ ဝေယံအမေကို ဒေါ်ဦး အစ်ကိုက ယူတာ၊ မိန်းမကလဲ လည်သလား မပြောနဲ့ ။ ပန်ကာ တကယ့်ပန်ကာ ၊ဒီတော့ သားကလဲ ဒီလောက်တော့ ရှိမှာ ပေါ့ မဟုတ်ဘူးလား”

ဒီဇင်ဘာက နှုတ်ဆိတ်၍ နေ၏ ။

“ကိုယ်သွေးကိုယ့်သားချည်းပါပဲ ၊ဒါပေမယ့် မလိမ္မာတဲ့ လူကိုတော့ မလိမ္မာတဲ့အလျောက် သံယောဇဉ်သိပ်မထားချင်ဘူး ၊ သူ့ကိုမြင်ရင် သမီးလဲ သိမှာ ပါလေ”

“ဒီဇင်ဘာ သူ့ကို တွေ့ပြီးပါပြီ ဒေါ်ဒေါ်ဦး”

“ဟင်..ဘယ်တုန်းက”

“ဒီသီတဂူ ခြံဝင်းကြီးထဲ ဝင်ဝင်လာချင်းပေါ့ ၊ သူပစ်ချလိုက်တဲ့ ငှက်ကလေးက ဒီဇင်ဘာရဲ့ ရှေ့ကို ကျလာတာလေ”

“ဒီငမိုက်သားက အဲသလို ကောင်းကို မကောင်းတဲ့ကောင်၊ သူ့ကြောင့် ခြံထဲလာတဲ့ ငှက်တွေ လဲ မျိုး တုန်းတော့မှာ ပဲ”

“ဟိုနောက်ဘေးက သစ်တော် ပင်တွေ ၊ မက်မန်းပင်တွေ ဘက် သွားကြည့်ပါလား ဗိုတောင် ပျော်စရာကောင်းတယ်၊ သွားကြည့်ပါ သမီးရဲ့ ၊ အစ်ကိုကြီးက ခုမှ အိပ်သွားတာ ၊ ညကလဲ သော င်းကျန်တာဆိုတော့ မနိုးသေးပါဘူး”

ဒီဇင်ဘာလည်း ပါးစပ်ကို လက်သုတ်ပဝါဖြင့် သုတ်ပြီး နောက်ဖေးခြံဝင်းဆီသို့ ထွက်ခဲ့သည်။

စိမ် တချို့ နီတချို့ ဖြစ်နေသော မက်မန်းပင်မှ မက်မန်းသီးများ သီးနေပုံက လှလွန်းသည်။

အုပ်အုပ်ဖားဖား အရွက်များ ကြား တွဲ လဲခို၍ သီးနေသော သစ်တော် သီးကြီးများ ကလည်း ချစ်စရာကောင်းအောင် လှလွန်း၍ ရှုမဝနိုင်ဖွယ် ရှိနေ၏ ။

“ဆရာမ ..ဆရာမ ခဏလေး ငြိမ်ငြိမ်နေ”

သစ်ပင် သီးနှံတို့၏ အလှအပ သဘာဝတွင် နစ်မွန်းနေသော ဒီဇင်ဘာသည် သိမ့်ခနဲ့ တုန်၍ နောက်သို့ ပြန်လည် ကြည့်လိုက်သည်တွင် လေသေနတ် တစ်လက်ကို ကိုင်၍ သူ့ ဦးခေါင်းပေါ်က သစ်တော် ပင်ကို ချိန်ထားသော ဝေယံကိုကို ကို တွေ့ရသည်။

မည် သို့မျှမလှုပ်ရှားမိဘဲ တောင့်တောင့်ကလေး ဖြစ်သွား၏ ။

“ဒိုင်း...”

“ဘုတ်...”

သစ်တော် သီးကြီး တစ်လုံး ဒီဇင်ဘာ၏ ရှေ့သို့ ကျလာ၏ ”

“ရှင် ဘာလုပ်တာလဲ ၊ တော် တော် ကဲ တယ်”

“အဟား...ဟား...ဘယ်လောက် လက်တည့်လဲဆိုတာစမ်းပြတာပါ”

“မလိုပါဘူး”

“နေပါဦးလေ”

ဒီဇင်ဘာ၏ လက်ကလေး တစ်ဘက်ကို လျင်မြန်စွာ ဝေယံကိုကို လာဆွဲလိုက်သည်။

“အို...ဒါ ဘာလုပ်တာလဲ၊ လွှတ်..ရှင်လွှတ်နော်”

နွားခြံဘက်မှ ပြန်လာသော နောင်လတ်ကိုကိုသည် ဒီဇင်ဘာ၏ အသံကို ကြားလိုက်ရသဖြင့် သစ်တော် ပင်များ ရှိရာဘက်သို့ လှမ်းထွက်လိုက်သည့်တွင် ညီ ဖြစ်သူ ဝေယံကိုကိုက ဆရာမ လေး ဒီဇင်ဘာ၏ လက်ကို ဆွဲထားနေသည်ကို တွေ့လိုက်ရသည်။

မျက်လုံးများ ပြာခနဲ့ ဖြစ်သွားပြီး မည် သို့ သူတို့နား ရောက်သွားသည် မသိလိုက်တော့..

"ခွပ်"

"အား"

ဒီဇင်ဘာမှာ ပါးစပ်ကို လက်ဝါးကလေး အုပ်ကာ မျက်လုံးကလေးများ ပြူး ဝိုင်နေ၏ ။

"အို"

ဝေယံသည် မေးကို ပွတ်ရင်း လက်တစ်ဘက်က မြေကို ထောက်ကာ ခါးထောက်၍ သူ့အား မားမားကြီး ကြည့်နေသော အစ်ကို ဖြစ်သူကို မော့ကြည့်လိုက်သည်။

အံ့အားသင့်နေသော ပုံစံဖြင့် ...

"မင်း နောက်တစ်ခါ ဆရာမ ကို နောက်ယှက်ရင် ဒီထက် နာမယ်"

"ကိုကိုနောင် ဝေယံ ဘာလုပ်လို့ ထိုးတာလဲ"

"မင်း သူ့ကို ဆွဲလား ရမ်းလားနဲ့ ဘာလို့ လုပ်တာလဲ ဟု အသံမာကြီးဖြင့် နောင်လတ်ကိုကိုက မေးလိုက်သည်။

"ဟာ ဝေယံက သူ့ကို မသမာတဲ့ စိတ်နဲ့ ဆွဲတာ မဟုတ်ပါဘူး၊ အပျင်းပြေ စကားပြောချင်လို့ ထွက်သွားမှာ စိုးတာနဲ့ အမှတ်မထင် လက်ကို လှမ်းဆွဲထားလိုက်မိတာပါ ကိုကိုရ"

"သူက မိန်းကလေး တစ်ယောက် ဆိုတာလဲ မင်း သတိထားဦး ဝေယံ ၊

လာ..ဆရာမ ဒီကောင်က သိပ် ဆင်ခြေ ပေးကောင်းတယ်၊ ကြာကြာနေရင် မ ဖြစ်ဘူး”

နောက်သို့ လှည့်ကြည့် လှည့်ကြည့်နှင့် နောင်လတ်ကိုကို နောက်သို့ ဒီဇင်ဘာ ပါသွား၏ ။

ဝေယံ ကတော့ လေသေနတ်ကို ဆတ်ခနဲ့ ကောက်၍ မကျေနပ်ဟန်ဖြင့် သစ်တော် သီး သုံးလေးလုံးကို တဒိုင်းဒိုင်း အပင်မှ ပြစ်ချလိုက်သည်။

*

“ဒေါ်ဒေါ်ဦး နောက် ဘယ်တော့မှ ဆရာမ လေးကို ခြံထဲ တစ်ယောက် တည်း မသွားစေပါနဲ့ ”

“ဟင်...ဘယ်လို ဖြစ်လာကြတာလဲ”

နောင်လတ်ကိုကိုသည် ရှုးရှုးရှားရှားနှင့် ပြောပြီး သူ့ အိမ်ခန်းရှိရာ အပေါ်ထပ်သို့ တက်သွား၏ ။

“ပြောစမ်းပါဦး သမီးရယ် ဘာတွေ ဖြစ်လာသလဲ”

“ဟို..ဟို ကိုဝေယံနဲ ဒီဇင်ဘာ တွေ ့လာလို့”

တစ်သက်နှင့် တစ်ကိုယ် ယောကျ်ားပျိုတစ်ဦး၏ ဆွဲလား ရမ်းလားလုပ်မှု ကို တစ်ခါမျှမခံခဲ့ရဖူးသော ဒီဇင်ဘာ ကိုယ်တိုင်မှာ လည်း ဒေါသထွက်ကာ တဆိတ်ဆိတ် တုန်နေ၏ ။

“ခက်တယ် ၊ ဒီကောင် ဝေယံကြောင့် တော့ ခက်ပါတယ်”

ဒေါ်ဦး တစ်ယောက် မီးဖိုဆောင်ထဲတွင် ညည်းတွား မြည် တွန်လုပ်နေစဉ် ဒီဇင်ဘာလည်း သူ့ လူနာရှိရာ အိမ်ခန်းသို့ ပြန်လာခဲ့၏ ။

လူမမာ ဦးကိုကိုလတ်သည် နိုးနေပြီး ဖြစ်၏ ။

သူသည် နဖူးပေါ်တွင် လက်တင်ကာ ဖြူ ဖွေးသော မျက်နှာကြက်ကို စိုက်ကြည့်နေ၏ ။

“ဦး”

“ဟိတ်”

အဘိုကြီးသည် ဖြူနီးခနဲ့ ထထိုင်လိုက်ပြီး ဒီဇင်ဘာကို ပြူး ထက်ဝိုင်းစက်နေသော မျက်လုံးများ ဖြင့် ကြည့်နေ၏ ။

ဆရာမ လေး ဒီဇင်ဘာက နောက်သို့ ခြေတစ်လှမ်း ဆုတ်လိုက်သည်။

“နင်...နင်ဘယ်သူလဲ”

လက်ညှိုး ကြီး ငေါက်ငေါက်ထိုး၍ ဦးကိုကိုလတ်က သူ့ကို မေးနေ၏ ။

“ဒီဇင်ဘာလေ ဆရာမ ဒီဇင်ဘာပေါ့၊ ဦးကို ကြည့်ဖို့ ပြုစုဖို့ ရန်ကုန်က ဒေါက်တာ သက်ဝေ လွှတ်လိုက်တဲ့ ဆရာမ ပါ”

ဦးကိုကိုလတ်၏ ပြူး နေသော မျက်လုံးကြီးများ တဖြည်းဖြည်း နေသားကျလာပြီး ပုံမှန် အနေအထားသို့ ပြန်ရောက်လာသည်။ နောက်ထပ် ဟင်းခနဲ့ သက်မချသံကို ဒီဇင်ဘာ ကြားရပေသည်။

ဦးကိုကိုလတ်သည် စိတ်ဝေဒနာနှင့် ယှဉ်၍ နှလုံးသွေးကြောကျဉ်း ရောဂါ ဖြစ်နေကြောင်း သူ၏ ဆေး စစ်ချက်အရ ရာဇဝင်ကို ဒေါက်တာသက်ဝေက ပြောပြထားခဲ့သဖြင့် သူသည် ယခု တစ်ချက်တစ်ချက်တွင် ဦးကိုကိုလတ် တစ်ယောက် စိတ်ဖောက်နေကြောင်းကို လက်တွေ့ သိမြင်လာ၏ ။

“ဦး”

ကြင်နာယုယမှု ကို ပေးသော လက်များ ဖြင့် ဒီဇင်ဘာသည် ဦးကိုကိုလတ်ကို

ခုတင်ပေါ်တွင် ပြန်လှဲစေလိုက်သည်။ပြီးမှ လက်သွေးကို စမ်းကြည့်ပြီး သူ့လက်ပတ်နာရီမှ စက္ကန့်တံကလေးကို ကြည့်နေ၏ ။ထို့နောက် တဖန် သွေးပေါင်းချိန်ကို တိုင်းတာကြည့်လိုက်ပြန်သည်။

သူလုပ်ကိုနေသမျှကို လူမမာ ဦးကိုကိုလတ်သည် ယခုတော့လည်း မျက်စိသူငယ် နားသူငယ် မျက်လုံးကလေးများ ကြောင်တောင်တောင်လုပ်ကာ ကြည့်နေရှာသည်။

"ဦး အပေါ်သွေး နည်းနည်း တိုးနေတယ် ၊ ဆေးတစ်လုံးလောက် သောက်ရအောင်နော်"

ဦးကိုကိုလတ်သည် နှုတ်ကလည်း မဖြေ ၊ ဦးခေါင်းလည်း မညိတ်၊ ဒီဇင်ဘာသည် ဆေးဗီရိုဆီသို့ လျှောက်သွားပြီး ရီလေဆင် ဆေးတစ်လုံးကို ပုလင်းမှထုတ်ယူပြီး ဦးကိုကိုလတ်ကို တိုက်ကျွေးလိုက်သည်။

ဦးကိုကိုလတ်သည် ပါးစပ်ကို အသင့် ဖွင့်ပေးပြီး ဆေးကို ရှောရှောရှူရှူ သောက်ချလိုက်သဖြင့် သူ စိတ်အေးရသည်။

ရေခွက်ကို ပြန်လှည့်အထားတွင် အခန်းဝက အခန်းဆီ လှုပ်သွားပြီး အပြာရောင် ပုဆိုးကလေးနှင့် ခြေထောက်များ လှမ်းထွက်သွားသည်ကို ဒီဇင်ဘာ၏ မျက်လုံးများ က သတိပြုမိလိုက်ပါသည်။

ဒီဇင်ဘာသည် ကျေနပ်အားရစွာ တစ်ချက်ပြုံး ပြီး လူနာခုတင်ဆီသို့ ပြန်လျှောက်လာပြီး ခုတင်နံဘေးတွင် ထိုင်လိုက်သည်။

"ဦး ဘာစားချင်သလဲ ၊ ဘာလုပ်ချင်သလဲ ၊ ဘာပြောချင်သလဲ ၊ အားလုံး ဒီဇင်ဘာကို ပြောနိုင်ပါတယ်၊ ခိုင်းနိုင်တယ်နော်"

ဒီဇင်ဘာက ဟနေသော ဦးကိုကိုလတ်၏ အင်္ကျီကြယ်သီးတစ်လုံးကို ပြန်လည်တပ်ဆင်ပေးရင်း ချိုအေးပြုံးရွှင်စွာ ပြောလိုက်သည့်အခါတွင် သူက ဦးခေါင်းကြီးကို လေးတွဲ စွာ ယမ်းခါလိုက်သည်။

“မစားချင်ပါဘူး၊ ဘာမှ မစားချင်ဘူး၊ လုပ်ချင်တာ တစ်ခုပဲ ရှိတယ်၊ သိပ်လုပ်ချင်တဲ့ ဆန္ဒတစ်ခုရှိတယ်”

“ဒီဇင်ဘာ မသိရဘူးလားဟင် ကူညီနိုင်ရင် ညီကူမှာ ပေါ့”

“ကလေး မကူညီ နိုင်ပါဘူးကွယ်၊ ကလေးကို ဒီအကြောင်း ပြောပြလို့လဲ အလကားပဲ၊ အင်း ...ဇော်မှိုင်းရယ်”

နောက်ဆုံးတော့ ဇော်မှိုင်းနှင့် သာ သူ့စကားများ က အဆုံးသတ်သွားသည်။

ဒီဇင်ဘာသည် တစ်နေ့တာ ရေး မှတ်ရသည့် ဇယားတွင် သွေးပေါင်ချိန်နှင့် သွေးတိုးနှုန်းကို ရေး သားနေ၏ ။

*

# (၂)

“ဟေ့ ကောင်လေး ...ဒါ ဘာလုပ်နေတာလဲ”

သစ်တော် ပင် ခြေရင်းတွင် မှ နိကုပ်ကုပ်ထိုင်ကာ မြေစိုင်ခဲများ ကို ဟိုပစ်သည်ပစ် လုပ်နေသည့် ဝေယံကိုကို့ အနီးသို့ လှပစွာ ဝတ်စား ဆင်ယင်ထားသော အမျိုး သမီးချောတစ်ဦး က ရောက်ရှိလာကာ မေးလိုက်သည်။

ဝေယံကိုကိုက သူ့ကိုလည်း သုန်မှု န်စွာ ကြည့်လိုက်သည်။

“အဟင်း...ဟင်း..ဟင်း ငါ့မောင်က ဒါ ဘာကောက်နေတာလဲ ဟင်”

အမျိုး သမီးချောက သူ့ ဘေးတွင် ကပ်၍ ထိုင်ချလိုက်ပြီး ချစ်စနိုး အမူအရာဖြင့် မေးလိုက်ပြသည်း

“ခင်ဗျား နှောင်နှောင်ပေါ့”

“ဟင်...မမကေခိုင်ရဲ့ နှောင်နှောင်..ဟုတ်လား၊ ဝေယံကို နှောင်နှောင် ဘာလုပ်သလဲ ပြောစမ်း ၊ ပြောစမ်း ၊ မမကေခိုင် အပြတ် ဆုံးမပစ်လိုက်မယ်”

“မမကေခိုင် သူများ အတွက် ဆုံးမပေးဖို့ မစဉ်းစားနဲ့ ၊ ကိုယ် ကျွန်ရစ် ဖြစ်မသွားဖို့သာ အလျှင်ဆုံး လုပ်”

“အလိုရှင်...ကျွန်ရစ် ဟုတ်လား”

လိုင်နာ နက်နက်ကလေး ဆွဲထားသော မျက်လုံးများ သည် ဝိုင်းလည်သွားကြသည်။

“ဟုတ်တယ်ဗျ...ဟုတ်တယ်၊ ခု သီတဂူမှာ ဒီဇင်ဘာဆိုတဲ့ ကောင်မလေး ရောက်နေတယ်၊ ခင်ဗျား နှောင်နှောင်က ဖေဖေ့ကို ကြည့်ဖို့ဆိုပြီး ရန်ကုန်ကနေ ခေါ်လိုက်တာလေ၊ အလကား အကြံအဖန်ပါဗျာ”

“နာမည် က ဒီဇင်ဘာတဲ့လား”

"ဟုတ်ပါ့ဗျာ၊ လှကလဲ လှပါ့၊ နကလဲ နပါ့၊ ဖြူတာကလဲ ဖွေးဥလို့၊ သူနဲ့ ယှဉ်လိုက်ရင် ခင်ဗျားကြီး အောက်ပြီ"

ဝေယံက လယ်ခါပြလိုက်သည်။

ကေခိုင်သည် အသက်ရှုမှား၊ကာ ရင်ထဲတွင် ကျပ်မွန်းလာပြီး ဝုန်းခနဲ ထရပ်လိုက်သည်။

"သွား…သွား အချိန်မီ စွန့်လွှတ်လိုက် နို့မဟုတ်ရင်တော့ ကြက်မတမ်းမလေး ခင်ဗျားကြီး ငယ်ထိပ်ကို ဖောက်သတ်သွားမှာ သေချာတယ်"

ကေခိုင်သည် ထဘီကို တရွှမ်းရွှမ်း မြည် အောင် ဒေါ်နှင့် မောနှင့် သီတဂူကြီးထဲသို့ ဝင်သွား၏ ။

သီတဂူတိုက်ကြီး၏ ဧည့်ခန်းထဲတွင် ပက်လက် ကုလားထိုင်၌ ထိုင်ကာ နိုင်ငံခြား တိုင်မဂ္ဂဇင်း တစ်စောင်ကို ဖတ်ရှုနေသော နောင်လတ်ကိုကိုအား တစ်ယောက် တည်း တွေ့လိုက်သည်တွင် ကေခိုင်၏ အမူအရာသည် ပြောင်းလဲသွား၏ ။

ကေခိုင်သည် အကိုင်အသွယ် ပါးနပ်သူ တစ်ယောက် မဟုတ်ပါလား။

"နောင်နောင်"

"ဟော…ကေခိုင်၊ လာ ထိုင်လေ"

သားမွေးနှင့် ကျက်ထားသော ထိုင်ခုံကလေးကို နောင်လတ်ကိုကိုက ကေခိုင်အတွက် တွန်း ရွှေ့ပေးလိုက် သည်။

"ကေခိုင် ခြံထဲမှာ နောင်နောင်ကို လိုက်ရှာနေတာ၊ ခါတိုင်း ဒီအချိန်ဆိုရင် ခြံထဲမှာ ပဲ နေတတ်တာ မဟုတ်လား"

"ကိုယ် ခွားရုံတွေ ဘက်က ပြန်လာတာ မကြာသေးဘူး ကေခိုင်၊ ကိုယ့်အတွက် ဒီနေ့ အလုပ် သိပ်မရှိတာနဲ့ မဂ္ဂဇင်း ထိုင်ဖတ်နေတာ"

"ဩော်…ဩော်"

"ကေခိုင်ကော ဒီနေ့ ဘယ်မှ မသွားဘူးလား"

"မနက်ကတည်းက မွန္တလေးကို ဆင်းမလို့ပါ၊နောင်နောင် အပြင်ထွက်သွားတာ မမီလိုက်လို့"

"ဟုတ်တယ်၊ ကိုယ်လဲ လေယာဥ်ကွင်း သွားစရာရှိလို့ ကတိုက်ကရိုက် ထွက်သွားရတာ နဲ့ ကေခိုင် ဆီတောင် မဝင်လိုက်မိဘူး"

"သီတဂူနပ်(စ်)မ အသစ်ကလေး ရောက်နေတယ်ဆို"

"ဟုတ်တယ်"

"နောင်နောင် သိပ်လျှို့ဝှက်တာပဲနော်"

"ဒါ လျှို့ဝှက်စရာအကြောင်းမှ မဟုတ်တာဘဲ ကေခိုင်၊ သီတဂူမှာ ကေခိုင် သိတဲ့အတိုင်း နှစ် ရက်သုံးရက် တစ်ခါလောက် နပ်(စ်)တွေ က ပြောင်းပြောင်းနေတာ၊ ဒီတော့လဲ အဆန်းလုပ်ပြီး မပြောမိတော့ဘူးကွာ"

"ခုလာတဲ့ နပ်(စ်)ကော ပွဲဦးထွက်ကတည်းက လန့် မသွားသေးဘူးလား ဟင်"

"အဟွန်း"

နောင်လတ်ကိုကိုက သဘောကျစွာ အသံထွက်၍ ပြုံး လိုက်သည်။

"ဒီနပ်(စ်)မလေး ကတော့ လူသာငယ်တယ်၊ သတ္တိက မသေးဘူး ကေခိုင်၊ ဖေဖေ့ကို သူကောင်းကောင်း ကိုင်တွယ်နိုင်တယ်"

ကေခိုင်၏ ကွေးညွတ်သော မျက်ခုံးကလေးတစ်ဘက် မြင့်တက်သွားသည်။

"ပွဲဦးထွက်တော့ ကောင်းနေတာပဲ ကေခိုင်ရေ"

သဘောကျဟန်ဖြင့် ပြောနေသော နောင်လတ်ကိုကိုကို ကေခိုင်က ပြုံး တုံ့တုံ့ကြည့်နေပြီး မှ…

"ဟင်...ကေခိုင်က သတင်းရ မြန်ဆန်လှချည်လား"

နောင်လတ်ကိုကို အံ့အား သင့်သွား၏ ။

"ရဆို ခုပဲ ဝေယံနဲ့ ဖြံ့ထဲမှာ တွေ့ခဲ့တာကိုး ရှင့်"

ပြုံး ကြည့်နေသော နောင်လတ်ကိုကို မျက်နှာသည် တည်ခနဲ့ ဖြစ်သွား၏ ။

"ဝေယံ သိပ်မိုက်ရိုင်းတယ် ကေခိုင်"

"ဘာ ဖြစ်လို့လဲ နောင်နောင်"

"ခုမှ ကိုယ့်အိမ် ရောက်လာတဲ့ မိန်းကလေး တစ်ဦးကို ဆွဲလား ရမ်းလားနဲ့ လုပ်တယ်၊ ကိုယ်လဲ စိတ်မထိန်းနိုင်တာနဲ့ ဆွဲထိုးပစ်မိခဲ့တယ်"

နောင်လတ်ကိုကိုသည် သူ့ရှေ့ စားပွဲခုံပေါ်မှ ငါးသုံးလုံး စီးကရက်ကို လှမ်းယူ၍ တစ်လိပ်ထုတ်ယူရင်းက ပြောလိုက်သည်။

အလိုက်သိတတ်လွန်းသော ကေခိုင်က ဂတ်(စ်)လိုက်တာကလေးကို ကောက်ယူကာ စီးကရက်ကို မီးတို့ပေးလိုက် သည်။

"သိုင်း(စ်) ကေခိုင်"

"နောင်နောင်ကလဲ လက်ပါရသလား၊ ကိုယ့်ညီလေးပဲ ဥစ္စာကို၊ နောင်နောင်လဲ သိသားနဲ့ ၊ဝေယံက တက်ကြွနေတဲ့ လူငယ်စိတ်နဲ့ ဆိုတော့ လွယ်လွယ်ရလို့ လွယ်လွယ် လျှပ်မိတာလဲ ဖြစ်မှာ ပေါ့၊ နပ်(စ်)အေမီတုန်းကလဲ ဒီလိုပဲ မဟုတ်လား"

"ကေခိုင် ဘယ်လို ပြောလိုက်တာလဲ"

နောင်လတ်ကိုကိုသည် ရှူးခနဲ ဒေါပွသွားသည်။

"အေမီက အေမီပဲ၊ ဒီဇင်ဘာက ဒီဇင်ဘာပဲ ၊ မတူပါဘူး ကေခိုင်၊ အားလုံးကို သိမ်းကျုံး ရှုတ်ချတာတော့ ကိုယ် မကြိုက်ဘူးကွာ"

"ဪ..ကေခိုက်က မသိလို့ ပြောမိတာပါ၊ ကဲပါလေ ထားလိုက်ပါတော့ ၊

အန်ကယ် ဒီနေ့ ဘယ်လိုနေသလဲဟင်”

“ကောင်းပါတယ်”

နောင်လတ်ကိုကိုက တိုတိုတုတ်တုတ်ပဲ ဖြေလိုက်သည်။

“အင်း..ဒီအသံပဲ ကြားချင်ပါတယ်၊ အန်ကယ့်အတွက် ကေခိုင်မှာ လဲ တစ်နေ့တစ်နေ့ စိတ်ပူနေရတာ၊ အန့်ယ့်ကို သွားကြည့်လိုက်ဦးမယ်နော်”

နောင်လတ်ကိုကိုက ဆတ်ခနဲသာ ဦးခေါင်းကို ညိတ်လိုက်သည်။

အတွင်းခန်း နံရံအနီးတွင် ရပ်နေသော ဒီဇင်ဘာသည် လှစ်ခနဲ တံခါးဝမှ ပြန်လှည့်လိုက်ပြီး လက်ထဲက ရေထည့် ဖန်ချိုင့်ကို စားပွဲပေါ်သို့ ပြန်ချထားလိုက်၏။

သူ့နောက်ကျောဘက်မှ အိပ်ခန်းထဲသို့ ဝင်လာသော ခြေသံသည် တဖြည်းဖြည်း လူနာ ဦးကိုကိုလတ်၏ ခုတင်ဆီသို့ ချဉ်းကပ်လာ၏။

ကေခိုင်၏ မျက်လုံးအစုံသည် ခုတင်ပေါ်တွင် ရှိသော လူမမာထံသို့ ကျရောက်နေသည် မဟုတ်ဘဲ အချိုးအဆစ် ပြေပြစ် ကျနသော ဒီဇင်ဘာ၏ နောက်ပိုင်း အနေအထား ပေါ်သို့ ကျရောက်နေ၏။

“အန်ကယ် အိပ်နေသလား နပ်(စ်)”

ဒီဇင်ဘာက မေးလာသူ၏ မျက်နှာကို လှည့်ကြည့်လိုက်သည်။

နောင်လတ်ကိုကိုနှင့် အသက် မတိမ်းမယိမ်းသာရှိမည့် မိန်းမလှတစ်ဦးကို တွေ့လိုက်ရသည်။

“မအိပ်သေးပါဘူး၊ ဆေးတိုက်ထားလို့ မှိန်းနေတာပါ”

“သြော်...သြော်၊ ဒါနဲ့ တို့က ကေခိုင်ပါ၊ နောင်နောင်တို့ ခေါင်းရင်းဘက်က ခြံမှာ နေတာလေ မှတ်ထားပေါ့”

“ဟုတ်ကဲ့”

"တို့က ခင်တတ်ပါတယ်၊ အားတဲ့အခါလဲ တို့အိမ်ဘက် လာလည်ပေါ့"

"ဟုတ်ကဲ့"

"မင်းက သိပ် ငယ်လွန်းတယ်၊ အနက်ကယ်နဲ့ ဖြစ်ပါ့မလားလို့ တို့ စိတ်ပူတယ်"

လူမမာကို တစ်ချက် လှမ်းကြည့်ရင်းက ကေခိုင်က ပြောလိုက်သည်။

"လူမမာ တစ်ယောက် ကို ကိုင်တွယ် ကြည့်ရှုတဲ့နေရာမှာ ငယ်တာ ကြီးတာက အကြောင်း မဟုတ်ပါဘူး မမကေခိုင် လုပ်ငန်းကျွမ်းကျင်မှု ကသာ အဓိကပါ၊ ကဲ....ထိုင်ဦးနော် ဒီဇင်ဘာ ရေသွားဖြည့်လိုက်ဦးမယ်"

ဒီဇင်ဘာသည် ရေထည့် ဖန်ချိုင့်ကို ယူကာ အခန်းတွင်းမှ ထွက်ခွာသွား၏ ။

ကေခိုင် တစ်ယောက် တည်း ဘာလုပ်ရမှန်း မသိဘဲ ကျန်ရစ်ခဲ့တော့သည်။

"ဒီဟာမလေးက မခေပါလား"

သူက ဒီဇင်ဘာကို ကောက်ချက်ချနေစဉ် နောင်လတ်ကိုကိုသည် သူ့ဖခင်၏ အခန်းထဲသို့ ရောက်ရှိလာသည်။

"နပ်(စ်) ဒီဇင်ဘာက လူလဲငယ်၊လှလဲလှ၊ ထက်လဲထက်ပုံ ရတယ်နော် နောင်နောင်"

"ဟုတ်တယ် ဒေါက်တာ သက်ဝေက သူ့ကို ရက်ကော်မန်းဒေးရှင်း အဲ....ထောက်ခံချက် ကောင်းကောင်းပေးလို့ ကိုယ်လဲ ဖေဖေအတွက် ခေါ်လိုက်တာပဲ"

ကေခိုင်၏ ရင်ထဲတွင် မခံချိမခံသာကြီး ဖြစ်သွား၏ ။

"ကေခိုင် လိုက်မလား၊ ကိုယ် ဦးလေးအိုက်မန်းတို့ ခြံဘက် ခဏ လျှောက်မလို့"

"အို....လိုက်မှာ ပေါ့"

ကေခိုင်သည် ရုတ်ခြည်း ပြန်ဖြေကာ ဝမ်းသာအားရ ဖြစ်သွားသည်။

*

“အိမ်ရှေ့မှာ ကေခိုင်ရဲ့ အသံ ကြားလိုက်မိပါတယ်”

“ဟုတ်တယ်၊ သူ ရောက်နေတယ် ဒေါ်ဒေါ်ဦး”

ဒီဇင်ဘာက ရေဖန်ချိုင့်တွင် ရေဖြည့်ရင်း ပြောလိုက်သည်။

“ဒီမိန်းကလေးကလဲ တစ်နေ့ တစ်နေ့ သီတဂူကို ချောင်းပေါက်မတတ် လာနေတာပဲ၊

မိန်းကလေးက ဒီလောက် ရေလာမြောင်းပေး လုပ်နေရင်း ဘယ်ကောင်းပါတော့မလဲ”

“ဘယ်သူ့ကို ရေလာမြောင်းပေး လုပ်နေတာလဲ ဟင်”

“ဘယ်သူ့ကို ရှိရမလဲ သမီးရယ် ၊နောင့်နောင်ကိုပေါ့ နောင့်နောင့်ကို”

“ဩော်”

နောင်နောင်သာ ဝေယံနေရာမှာ ဆိုရင် ဒီကလေးမ သက်သာမှာ မဟုတ်ဘူး”

“မမကေခိုင်က ချောသားပဲ ၊ ဦးနောင်လတ်ကိုကိုက ပြန်မကြိုက်ဘူးလား”

“နောင်နောင်က သူ့ကို ရိုးရိုးသားသား ခင်တာပါ”

“ဩော်”

“အင်း...ပိုက်ဆံပေါ့ သမီးရယ် ပိုက်ဆံပေါ့၊ နောင်နောင်ဆိုတာက အရှာအဖွေ တော်တဲ့လူ မဟုတ်လား ၊ ပြီးတော့ ဥစ္စာပေါ ရုပ်ချောဆိုတော့ ကေခိုင်တို့က ကုပ်နဲ့ ကော်ထုတ်တာတောင် ခွာမှာ မဟုတ်ဘူး သမီးရေ ”

"အဟင်း...ဟင်း....ဟင်း"

ဒီဇင်ဘာက သဘောကျစွာ ဖြင့် ရယ်မောလိုက်၏ ။

"မရယ်နဲ့ ၊ ဒေါ်ဒေါ်ဦးက တကယ် ပြောတာ"

"ဟုတ်ပါတယ် ၊ ဒေါ်ဒေါ်ဦး တကယ် ပြောတာမှန်း သိပါတယ်"

"ဒါနဲ့ အစ်ကိုကြီးကော ဘယ်လိုနေလဲ ဟင်"

"ကောင်းပါတယ် ၊ အပေါ်သွေးတော့ တစ်ရာ့ငါးဆယ်လောက် ရှိလို့ ခုပဲ ဒီဇင်ဘာ ဆေးတစ်လုံး တိုက်ထားတယ်"

"အင်း.... ဒီဇင်ဘာလေး ရောက်လာတာ ဘုရားမတာပဲကွယ်၊ နို့မဟုတ်ရင် လာသမျှ ဆရာမ တွေ ကို သူ စိတ်တိုင်းမကျလို့ ဒေါ်ဒေါ်ဦးမှာ အိမ်အလုပ် လုပ်ရသူ ဆီပြေးရနဲ့ ငြိမ်ငြိမ်နေရတယ်လို့ကို မရှိဘူး သမီးလေးကို သိပ် ကျေးဇူးတင်တယ်ကွယ်"

"ကျေးဇူးတင်စရာ မလိုပါဘူး ဒေါ်ဒေါ်ဦးရယ်၊ ဒါ ဒီဇင်ဘာ ထမ်းဆောင်ရမယ့် တာဝန်ပဲ ၊ ဒါနဲ့ ဦးမှာ တစ်ခါတစ်ခါ စိတ်ဖောက်ဖောက်လာတဲ့ ဝေဒနာ ဝင်လာတာ ကြာပြီးလားဟင်"

"တစ်နှစ် ကျော်လောက်တော့ ရှိတော့မယ် ထင်တယ်"

"ဩော်..."

"စိတ်ဖောက်လာရင် တော်တော် စိတ်ညစ်ဖို့ကောင်းတယ်ကွယ့်"

"အင်း...စိတ်မဖောက်လို့ ကောင်းနေတဲ့ အချိန်ကျပြန်တော့လဲ သိပ် စကား ထွေထွေပြားပြား မပြောဘဲ တစ်ခုခုကို လေးလေးနက်နက်ကြီး တွေ းပြီး ငိုတွေ နေတတ်တယ်၊ အဲ .. ငိုင်ပါများ ရင် ဖောက်လာပြန်ရော....

"ဘာတွေ ဖြစ်နေမှန်းလဲ မသိပါဘူးကွယ်"

"ဦး ခဏခဏ ပြောနေတဲ့ ဇော်မှိုင်းဆိုတာကိုကော ဒေါ်ဒေါ်ဦး ကြားဖူး မြင်ဖူး

သိဖူးခဲ့သလား ဟင်”

“ကြားတော့ ကြားဖူးတယ် မြင်တော့ မမြင်ဖူးဘူး၊ သိလဲ မသိခဲ့ပါဘူး”

“ဘယ်မှာ ကြားဖူးတာလဲဟင်”

“တစ်ချိန်တုန်းက အဲဒီ ဇော်မှိုင်းနဲ့ အစ်ကိုကြီးက သိပ်ချစ်ပြီး စီးပွားတူတူ လုပ်ခဲ့ကြဖူးတဲ့ သူငယ်ချင်းတွေ လို့ အစ်ကိုကြီးပြောတာ ကြားဖူးနေတာပဲ ၊ ဒါနဲ့ သမီးက ဘာဖြစ်လို့ ဒါတွေ မေးနေတာလဲ ဟင်”

“ဩော်...သူ ဘာတွေ များ စွဲလမ်းပြီး ရောဂါ ဖြစ်နေတာလဲလို့ ရောဂါ ရဲ့ ဇာတ်မြစ် အခြေခံကို သိရမလားလို့ မေးကြည့်မိတာပါ ဒေါ်ဒေါ်ဦး ၊ ဒီဇင်ဘာ ဦးအခန်းကို ပြန်သွားလိုက်ဦးမယ်နော်”

“အေး....အေး ၊ ထမင်းဆာရင် လာခဲ့နော် ၊ အားလုံး ကတော့ ခြောက်နာရီမှာ အတူစားကြတယ်”

“ဒီဇင်ဘာလဲ စားခွင့်ရှိရင် အတူတူပဲ စားချင်ပါတယ်”

“အို...ပိုကောင်းတာပေါ့၊ ဘယ်နှယ့် စားခွင့် မရှိရမှာ လဲကွယ် ၊ သမီးက အိမ်သားတစ်ယောက် ဖြစ်နေပြီးပဲ ဟာ”

ဒီဇင်ဘာသည် ကျေနပ်အားရစွာ တစ်ချက် ပြုံး ပြီး ဦးကိုကိုလတ်၏ အိမ်ခန်းဆီသို့ ပြန်လာ၏ ။

ဤတွင် ဦးကိုကိုလတ်၏ ခုတင်နံဘေးရှိ စားပွဲပေါ်မှ ပစ္စည်းများ ကို ဟိုကိုင် သည်ကိုင်လုပ်နေသော လျှောစောင် အနက်ကြီး ခြုံထားသည့် မိန်းမကြီးတစ်ဦးကို တွေ့လိုက်သည်။

“ရှင်...ရှင် ဘယ်သူလဲ”

အဒေါ်ကြီးက ဒီဇင်ဘာကို ချာခနဲ့ လှည့်ကြည့်ပြီး ရယ်ပြလိုက်သည်။

"အဟီး...ဟီး....ဟီး ၊နင်ကကော ဘယ်သူလဲ ပြောစမ်း ၊ ပြောစမ်း ကောင်မလေး"

ဒီဇင်ဘာသည် သူ့ထံသို့ ချဉ်းကပ်လာနေသော မိန်းမကြီးကို ကြည့်ရင်း နောက်သို့ ခြေလှမ်းများ ဆုတ်နေ၏ ။

"ကျွန်မက ဒီက လူနာရဲ့ ဆရာမ "

"အဟား....ဟား...ဟား၊ နင့်လို မလောက်လေး မလောက်စား ကလေးက ငါ့ဆရာကြီးကို ကြည့်မယ် ၊ အဟာ့ ရယ်လိုက်ချင်သေးတော့"

သူ့အမူအရာ အပြောအဆိုတွေ က သာမန်မဟုတ်ဘဲ စိတ်ဝေဒနာသည်တစ်ဦး ဖြစ်ကြောင်း သူ သဘောပေါက်လာသည်။

"နင်သွား ..ခုထွက်သွား၊ နင်တို့ အလကား ပိုက်ဆံတွေ လာလာ ညာယူနေကြတာ၊ ငါ့ဆရာကြီးကို ငါပဲ ကြည့်မယ်၊ သွားဆို သွားလေ"

လက်ကို ဆတ်ခနဲ မြှောက်လာသဖြင့် ဒီဇင်ဘာလည်း ကြောက်အားလန့်အားဖြင့် နောက်ကြောင်းကို လှည့်ပြေးမိတော့သည်။

"ဒေါ်ဒေါ်...ဒေါ်ဒေါ်ဦး"

"ဟဲ့ဟဲ့ သမီး ဘာ ဖြစ်တာလဲ ၊ အစ်ကိုကြီး ဘာ ဖြစ်သွားလဲ"

"မ...ဟုတ်ဘူး၊ ဟို အခန်းထဲမှာ -အခန်းထဲမှာ မိန်းမကြီး တစ်ယောက် ..."

"ဟင်...နင့် ဥ ရောက်နေတယ် ထင်၊လာ..လာ မကြောက်နဲ့ သမီး၊ မကြောက်နဲ့ ၊ မနှင်းဥက ဒီ သီတဂူခြံ ထဲမှာ နေတဲ့ အိမ်ဖော် တစ်ယောက် ပါ"

"သူ့....သူ့ကို ကြည့်ရတာ စိတ်မနံ့သလို..."

"အေး...ဟုတ်တယ် ၊ပြောဖို့ မေ့နေတာ ၊ မနှင်းဥဟာ သူ့ယောကျ်ား ဆုံးပြီးကတည်းက စိတ်ကောင်းကောင်း မနံ့ရှာဘူး၊ ဒါပေမယ့် ဒေါ်ဒေါ်တို့ အပေါ်မှာ တော့ သစ္စာ သိပ်ရှိပါတယ်ကွယ်၊ လာ...လာ"

ဒီဇင်ဘာ၏ လက်မောင်းကလေးကို ဆွဲ၍ ခေါ်ဆောင်သွားနေသဖြင့် သူလည်း တွန့်ဆုတ် တွန့်ဆုတ်ဖြင့် ဒေါ်ဦး၏ နောက်သို့ ပါခဲ့၏ ။

“ဟဲ..မနှင်းဥ၊ ဒါ ဘာလုပ်နေတာလဲ”

“စားပွဲရှင်းနေတာလေ မဦးရဲ့ ”

“နင့်ကို သူ့စားပွဲ သွားမကိုင်နဲ့ လို့ ငါ အတန်တန် ပြောထားတယ် မဟုတ်လား၊ လာ...လာ ခိုင်းတဲ့ အလုပ်ပဲ လုပ်စမ်းပါအေ”

“ကျုပ် ချေးအိုး သေးအိုးတွေ ဆေးပြီးပါပြီးတော့ ၊ ဟော...သူ ပြန်ဝင်လာပြန်ပြီ”

“ဟေ့...ဟေ့ နေဦး၊ သူက နင့်ဆရာကြီး အတွက် ရန်ကုန်က ဒီနေ့ရောက်လာတဲ့ ဆရာမ အေ့”

“ခက်တယ် ၊ မဦးတို့က သိပ်ခက်တယ် ၊ ကျုပ် စကားကို အရူးစကားဆိုပြီး လက်မခံကြဘူး ဒီဆရာမ တွေ ပိုက်ဆံ ယူယူပြီး လစ်ပြေးတာလဲ များ ပြီး မမှတ်သေးဘူး”

“ဟဲ့....ဒီလိုမပြောရဘူးလေ”

“ဘာလဲ အားနာလို့လား ၊ အားနေရင် ကျုပ်နဲ့ လွှတ်ပေးလိုက် ”

သူ့ကို ဒေါ်နှင်းဥက စူးစူးရဲရဲကြီး ကြည့်လိုက်သဖြင့် ဒီဇင်ဘာမှာ ကိုယ်ကလေး တွန့်ခနဲ့ ဖြစ်သွား၏ ။

“သူက တခြား ဆရာမ တွေ လို မပြေးပါဘူး ၊ သူ့ကို ညည်း ဆရာကြီးကလဲ ကြိုက်တယ် ၊ ညည်း ဘာမှ ပြောစရာ မလိုတော့ဘူး၊ လာ...လာ ညည်း ဆာပြီးလား ၊ ငါ ထမင်း ထည့်ကျွေးမယ်”

“ကဲ...ကဲ ၊ဒါဖြင့် လာ..လာ”

ဒေါ်ဦးက လက်ကို ဆွဲခေါ်သွားသဖြင့် စိတ်မနံ့သူ ဒေါ်နှင်းဥလည်း ပါသွားတော့သည်။

"ဟင်း....မလွယ်ပါလား...၊ သီတဂူမှာ နောက်ထပ် စိတ္တဇ ဝေဒနာသည် ဘယ်နှစ် ယောက် တွေ့ရဦးမလဲ မသိတော့ဘူး၊ ဟူး..."

ဒီဇင်ဘာသည် စိတ်မောသွားဟန်ကလေးဖြင့် လက်ထဲက ရေဖန်ချိုင့်ကို စားပွဲပေါ်သို့ အသာချလိုက်၏ ။

*

"ဆရာမ လေး တိုက်လိုက်တဲ့ဆေးက ကျုပ်မျက်စိ မဖွင့်နိုင်အောင်တောင် ဖြစ်သွားတယ်"

လေးလံနေသော မျက်ခွံများ ကို အားယူ၍ ဖွင့်ရင်းက လူမမာ ဦးကိုကိုလတ်က ပြောသည်။

"စိတ်ကလေး ရှင်းသွားအောင် ကိုယ်လက် မျက်နှာကလေး သုတ်ပြီး အဝတ်အစား လဲရအောင်နော်"

"အင်း.."

ဦးကိုကိုလတ်က "အင်း" ချလိုက်သဖြင့် ဒီဇင်ဘာသည် ရေဇလုံဖြင့် ရေအေး ရေနွေး စပ်ယူလာပြီး စိတ်ရှည်လက်ရှည် သူ့ တစ်ကိုယ်လုံးကို သုတ်သင်ပေးနေ၏ ။

ဤသို့ ပြုစု သုတ်သင်ပေးနေချိန်တွင် သူ့ လက်ပေါ်တွင် ကွယ်လွန်သွားရှာခဲ့သော ဖခင်ကြီးကို အမှတ်ရလာမိသည်။

"အင်း...ဖ..ဖသာရှိရင် ဒီအရွယ်ပဲ ၊ဖကို သမီးကိုယ်တိုင်ပဲ ခုလို ပြုစုနိုင်မှာ ပဲ ၊ အသေစောလိုက်တာ ဖရယ်"

"ဆရာမ လေး"

"ရှင်..."

ဒီဇင်ဘာသည် အတွေးနယ် ကျယ်နေရာမှ ဆတ်ခနဲ ပြန်၍ သတိဝင်လာပြီး သူ့အား စူးစူးစိုက်စိုက် ကြည့်နေသော လူမမာကြီး ဦးကိုကိုလတ်၏ မျက်နှာကို ကြည့်လိုက်သည်။

"ဆရာမ လေး စိတ်တွေ ဘယ်ရောက်သွားတာလဲ"

"ရှင်..."

"ငေးတိ ငေးမောနဲ့"

"ဒီ... ဒီဇင်ဘာ ဦးကို ခုလို ပြုစုလိုက်ရတော့ အဖေ့ကို သတိရလို့ပါ"

"မင်း အဖေက ဘယ်သူလဲ၊ ဘယ်မှာ နေလဲ"

"မရှိတော့ပါဘူး၊ ဒီဇင်ဘာ အဖေ ဆုံးရှာပါပြီ ဦး"

"နာမည် က..."

ဦးကိုကိုလတ်က ခပ်ဆတ်ဆတ် မေးလိုက်သည်။

"နာမည် လား၊ နာမည် က ဦးဖိုးလုံးလို့ ခေါ်တယ်"

ပါးစပ်ထဲ တွေ့မိ တွေ့ရာ နာမည် တစ်လုံးကို သူ ပြောချလိုက်သည်။

"ဖိုးလုံး...ဖိုးလုံး...ဪ....အင်း...အင်း....အင်း..."

ဦးကိုကိုလတ်သည် ဦးခေါင်းကို တဆတ်ဆတ် ညိတ်ပြီး ပင့်ထားသော သက်မကို ဟင်းခနဲ့ အသံထွက်အောင် ချလိုက်သည်။

အဘိုးကြီး၏ စိတ်ထဲတွင် ဘာတွေ များ ခံစားနေရပါလိမ့်၊ ဒီဇင်ဘာသည် သိချင်လိုက်သည့် ဖြစ်ခြင်း။

"ဦးအတွက် ဒီဇင်ဘာ ဗီရိုထဲက အဝတ်အစား ထုတ်မယ်နော်"

“ထုတ်လေ ၊ထုတ်ပါ ကလေးမရဲ့ ”

ဒီဇင်ဘာသည် ခွင့်တောင်းပြီးမှ သူ့ တစ်ရပ်ကျော်မြင့်သော ဦးကိုကိုလတ်၏ ဗီရိုကြီးကို ဖွင့်လိုက်သည်။

အတွင် းတွင် အဝတ်အစား အသုံးအဆောင်တွေ က ရှုပ်ပွနေ၏ ။

သူသည် ပုဆိုးတစ်ထည် အင်္ကျီလက်ရှည် တစ်ထည်နှင့် အနွေးထည် တစ်ထည်ကို ထုတ်ယူပြီး အဘိုးကြီးကို ဝတ်ဆင်ပေးလိုက် သည်။

သပ်သပ်ရပ်ရပ် ဝတ်စားပြင်ဆင် ဖြီးလိမ်းပေးလိုက် သည့် အခါတွင် တော့ အိုစာသော် လည်း ကြည့်ကောင်းသော ဦးကိုကိုလတ်၏ ရုပ်အသွင်က ပြန်ပေါ်လာသည်။

“ဦးက ငယ်ငယ်က သိပ် ရုပ်ဖြောင့်မှာ ပဲနော်”

ဆရာမ လေး ဒီဇင်ဘာက လက်ထဲက ဘီးကို နေသားတကျ ပြန်ထားရင်း ဦးကိုကိုလတ်ကို မေးလိုက်သည်။

ဦးကိုကိုလတ်လည်း သဘောကျဟန်ဖြင့် အားရ ပါးရကြီး ပြုံး လိုက်ပါသည်။

“ဘယ်ပြော ကောင်းမလဲ ၊ မိန်းမဆိုတာ ကိုယ်က လိုက် မရှာရဘူး၊ သူတို့က ချည်း ကိုယ့်နောက် လိုက်နေတာ ကလား။

“ခု သားကြီးနောင်လတ်ကိုကို လိုပေါ့ ၊ ဒါပေမယ့် သားကြီးက ညံ့တယ်၊ အဟင့်....ဟင့် ၊ သားကြီးက မအေနဲ့ ရုပ်ရည်တူပေမယ့် စိတ်ဓာတ်တော့ ကွာတယ်ကွ။

“ဦးငယ်ငယ်က သူ့ အရွယ်ဆိုရင် လွတ်ချင်တိုင်း လွတ်တာ ၊ အိမ်က ဖမ်းမရအောင်ဘဲ”

လူမမာ ဦးကိုကိုလတ်သည် ယခုတော့လည်း စကားတွေ ရွှန်းရွှန်းဝေအောင် ပြောနေသည်မှာ ဖြောင့်နေ၏ ။

“ဖေဖေ ဆရာမ ကို ဘာတွေ ပြောနေတာလဲ ၊ရယ်လို့ မောလို့ပါလား”

ဖခင် ဖြစ်သူ ရယ်လား မောလားဖြင့် ပြောနေသည်ကို အခန်းထဲ ဝင်လာသော နောင်လတ်ကိုကို တွေ့လိုက်ရလျှင် သိပ် ဝမ်းသာသွားမိ၏ ။

ဤသို့ ဖခင်ကို မမြင်ရသည်မှာ ကြာလှပြီ အဟုတ်ပါလား။

"သားကြီး လာထိုင်ကွ ၊ ဖေဖေ့ကို ဆရာမ လေးက ရပ်ဖြောင့်လို့တဲ့ကွ"

"ဟာ...ဟုတ်တာပဲ ၊ ကြည့်စမ်း ခုမှ သတိပြုမိတယ် ၊ ဒီညနေ ဖေဖေ သိပ် ရှိုးကောင်းပြီး ချောလှနေပါလား"

"ဒီဇင်ဘာ ရှိုးလုပ်ပေးထားတာလေ၊ အဟင်း ဦးက ဒါတောင် အသက် ကြီးသွားလို့တဲ့ ၊ ငယ်ငယ်က ဘယ်လောက်စွံတယ်ဆိုတဲ့ အကြောင်းတွေ ပြောနေတာ ဦးနောင်လတ်ကိုကိုရဲ့ "

"ဟုတ်လား၊သားတို့ကိုတောင် တစ်ခါမှ မပြောပြပါလား ဖေဖေရဲ့ အဟင်း... ဟင်း"

"ကဲ...သားအဖနှစ် ယောက် စကား ပြောဦးနော်၊ ဦးအတွက် စားစရာ ဒီဇင်ဘာ သွားယူခဲ့မယ်"

ပြောပြောဆိုဆို ဒီဇင်ဘာသည် အိမ်ခန်းထဲမှ ထွက်သွား၏ ။

*

# (၃)

"ဖေဖေ"

နောင်လတ်ကိုကိုက မြတ်နိုးကြင်နာစွာ ဖခင်၏ လက်များ ကို ကိုင်လိုက်သည်။

"သားကြီး"

"ဖေဖေရယ် အဲသလို ရွှင်ရွှင်လန်းလန်း နေစမ်းပါ ၊ ဖေဖေကို ခုလို ရယ်ရယ် ပြုံးပြုံး မြင်ရတာ သိပ်ဝမ်းသာတယ်၊ ဆရာမ လေး ဒီဇင်ဘာကိုလဲ သိပ် ကျေးဇူးတင်မိတာပဲ"

"သူ့ နာမည် ဒီဇင်ဘာတဲ့လား ၊အဆန်းလေးနော်"

"ဟုတ်တယ် ဖေဖေ"

"အင်း..အင်း ၊ ဒီဇင်ဘာ... ဒီဇင်ဘာတဲ့ ၊ သူ့ အသက်ကလေးက ငယ်ငယ်ကလေးနော်၊ အင်း...ဇော်မှိုင်း...ဇော်မှိုင်း ၊ဇော်မှိုင်း သမီးကလေးသာရှိရင်လဲ ဒီအရွယ်ကလေးပဲ ဖြစ်မယ်"

"ဟော ..ဖေဖေကလဲ ဒီ ဇော်မှိုင်း ဆိုတာကြီးကို မေ့ထားစမ်းပါဗျာ"

တိမ်ဖုံးလိုက် လွတ်ထွက်လိုက် ဖြစ်နေသော ဖိုးလမင်းကြီးကဲ့သို့ ဖြစ်နေသော ဖခင် ဖြစ်သူကို နောင်လတ်ကိုကိုသည် အားမလို အားမရဟန်ဖြင့် ကြည့်နေစဉ် ဆရာမ လေးသည် စားသောက်ဖွယ်ရာများ ကို ယူဆောင်ကာ အခန်းထဲသို့ ပြန်ဝင်လာသည်။

"ကြက်သားစွပ်ကလေးကလဲ မွှေးနေတာပဲ ၊ အသား သုတ်ကလေးကလဲ ကောင်းမှကောင်း ၊ ငါးကြော်ကလေးတွေ ကလဲ ကြွက်လို့ စားလို့တော့ သိပ် ကောင်းမှာ ပဲ ဦးရေ့၊ ဟောဒီမှာ "

စားသောက်ဖွယ်ရာများ ထည့်လာသော လင်ပန်းကို စားပွဲပေါ်သို့ချရင်း ဒီဇင်ဘာက ရွှင်မြူး စွာ ပြောလိုက်သည်။

"ဟော..ခေါင်းအုံးကလေးတွေ ကို မှီထိုင်လိုက် ၊ အဲ....ဟုတ်ပြီ ၊ ဒီဇင်ဘာ ဦးကို

ကောင်းကောင်းကလေး ကျွေးမယ်နော်”

ပြောပြောဆိုဆို ဦးကိုကိုလတ်၏ ပေါင်ပေါ်တွင် လက်သုတ်ပဝါတစ်ထည်ကို ခင်းပေးလိုက် သည်။

ဆရာမ လေး ဒီဇင်ဘာ လုပ်ကိုင်ပေးသမျှကို ဦးကိုကိုလတ်သည် ကလေးငယ်ပမာ လိုက်ကြည့်၍ နေ၏ ။

“ဦးက အစား ကောင်းကောင်းစား အိပ်ရေး ဝဝ အိပ် ၊ ပြီးတော့ စိတ်ကို ကြည်ကြည်လင်လင်ထားပြီး မနင်တိုင်း ကိုယ်လက် လှုပ်ရှားမှု ကလေးတွေ ယူလိုက်ရင် နေကောင်း သွားမှာ ပါ၊ ရော့...စားလိုက်ဦး ၊ စွက်ကလေးလဲ ချိုနေတာပဲ တစ်ဇွန်း သောက်ပါဦး”

ဆရာမ လေး ဒီဇင်ဘာသည် ကလေးငယ် တစ်ဦးကို ချော့မော့ ကျွေးသည့်ကဲ့သို့ ကျွေးနေသဖြင့် ကိုယ့်စိတ်ကိုမပိုင် ယိုင်ချင်သည့်ဘက် လိုက်ယိုင်နေသည့် ဦးကိုကိုလတ်သည် မငြင်းမဆန် စားသောက်၍ နေ၏ ။

နောင်လတ်ကိုကိုသည် ခုတင်စွန်းတွင် ထိုင်ကာ ဆရာမ ကလေးကို ကျေးဇူး တင်လွန်းလှသော အကြည့်မျက်ဝန်းများ ဖြင့် ကြည့်နေ၏ ။

“ကြည်စမ်း ၊ ဒီဇင်ဘာ ယူလာတဲ့ထမင်း ကုန်သွာပြီ ဒီလိုမှပေါ့ ၊ ကဲ....အားဆေး သောက်ရအောင်”

“ကိုယ်..ရေခပ်ပေးမယ်”

တစ်ယောက် က ရေတိုက် ၊ တစ်ယောက် က ဆေးတိုက်နေသော သားနှင့် ဆရာမ လေး ဒီဇင်ဘာကို ကြည့်ကာ မထင်မမှတ်သော စကားကို ဦးကိုကိုလတ်က ပြောလိုက်သည်။

“သားနဲ့ သားမိန်းမ ခုလို ဖေဖေ့ကို ပြုစုကျွေးမွေးတာကို ခံချင်လိုက်တာကွာ”

“ဗျာ”

"ဟင်"

ဒီဇင်ဘာလည်း ချစ်စရာ မျက်လုံးလေးများ ဝိုင်းဝန်းသွား၏ ။

"သားက မိန်းမ ယူရမယ်အရွယ် ရောက်နေပြီလေ"

"အဟင်း....ဟင်း...၊ဖေဖေ ကျန်းမာအောင်လုပ်လေ ၊ ဖေဖေ ကျန်းမာရင် သားမိန်းမ ယူမှာ ပေါ့"

"ဒီလို ဆရာမ လေးလို မိန်းကလေးမျိုး ရှာရမှာ နော်"

ဆရာမ လေး ဒီဇင်ဘာကို အားနာပြီး နောင်လတ်ကိုကိုသည် သူ့ ဦးခေါင်းကို ကုတ်လိုက်သည်။ ဒီဇင်ဘာ ကတော့ မျက်နှာကလေးရဲ့ ပြီး ခေါင်းငုံ့သွားကာ သိမ်းဆည်းစရာများ ကို သိမ်းဆည်း၍ မီးဖိုဆောင်ဆီသို့ ထွက်သွား၏ ။

"ဖေဖေ ပြောတာ ဆရာမ လေး ရှက်သွားပြီ"

"ဟေ...ဟုတ်လား ၊ သိပါဘူးကွာ ၊ ဒါပေမယ့် သားကို သူနဲ့ ဆိုရင်တော့ ဖေဖေ သဘောတူတယ်"

"ဟာ ...ဖေဖေ ၊ ခက်ကုန်တော့မှာ ပဲ "

တံခါးဝကို ပြူး ပြူး ပျာပျာ ကြည့်ရင်း နောင်လတ်ကိုကို တစ်ယောက် ဦးနှောက်ခြောက်နေ၏ ။

"ငါက သူ မရှိလို့ ပြောတာပါကွ ၊ အဟား...ဟား ..ဟား ၊ မင်းအဖေက ဒီလောက်တော့ အကင်းပါးပါသေးတယ်ကွာ ၊ အဟီး ဟီး...ဟီး"

*

"နောင်နောင်ရေ ထမင်းစားရအောင်ဟေ့"

"ဟုတ်ကဲ့...ဒေါ်ဒေါ်ဦး ၊ ဖေဖေ သား ထမင်း စားလိုက်ဦးမယ်"

"အေး..အေး"

ထမင်းစားခန်းတွင် နောင်လတ်ကိုကိုနှင့် ဆရာမ လေး ဒီဇင်ဘာတို့ တစ်ခါပြန်လည် ဆုံတွေ့ကြပြန်သည်။

"ဒေါ်ဒေါ်ဦး ဝေးယံကော"

နောင်လတ်ကိုကိုသည် စားပွဲထိပ်တွင် ဝင်ထိုင်ရင်း မေးလိုက်သည်။

"ခုတင်ပဲ ဆာလို့ဆိုပြီး စားပြီးတော့ ပြန်ထွက်သွားလေရဲ့ "

"ညီကြောင့်လဲ ခက်တယ် ၊အိမ်လဲ ကပ်တယ် မရှိဘူး၊ မမာနေတဲ့ ဖေဖေ့ အနားလဲ နေတယ် မရှိဘူး ၊ ဘာတာဝန်မှလဲ ယူရမှန်း မသိဘူး"

"ဟိုတုန်း ကတော့ သူ့ အဖေက ရှိနေတာကိုး"

"ခုတော့ကော ရှင့်"

"ခု ဖေဖေက မမာနေတာ မဟုတ်လား ၊ ကျွန်တော်က သည်းညည်းခံနေရတာ ဖေဖေ့ကြောင့် ၊ ပြောမိရင်လဲ လက်က ပါတော့မယ်"

"အို..လက်ပါရအောင် ကလေးမှ အဟုတ်တော့တာဘဲ ဦးနောင်လတ်ကိုကိုရယ် ၊ ဒီအရွယ် ဟာ သူ့ကိုယ်သူ ဆင်ခြင် သုံးသပ်တတ်တဲ့ အရွယ် ၊ ဒီအရွယ်ဟာ သူ့ကိုယ်သူ ဆင်ခြင် သုံးသပ်တတ်တဲ့ အရွယ် ဖြစ်နေပါပြီ"

"ဟုတ်ပါတယ် ၊ ကောင်းလာမလားလို့ စောင့်ကြည့်နေတာပဲ ၊ ဒါနဲ့ ဒီဇင်ဘာ ကိုယ့်ကို ခေါ်ရတာ ပင်ပန်းလှပါတယ် ၊ ရင်နှီးတဲ့အနေနဲ့ တိုတိုတုတ်တုတ်ပဲ ခေါ်နိုင်ပါတယ်"

"အေး ..ဟုတ်ပါတယ် ၊ ဦးနောင်လတ်ကိုကို ၊ ဦးနောင်လတ်ကိုကိုနဲ့ ၊ အောင်မလေး မောလှတယ် ၊ မင်းနာမည် ကလဲ ရှည့်ပါ့"

"ဒေါ်ဒေါ်ဦးတို့ပဲ ပေးထားတာပဲ"

"အောင်မယ်တော် မဟုတ်ရပါဘူး၊မင်းအဖေကိုက ရှည်ပြီး သူ့နာမည် နောက်က ထည့်ပြီ

အမြီးရှည်ထားတာပါတော် "

ဒီဇင်ဘာသည် ပါးစပ်ကလေး လက်ဖြင့် ပိတ်၍ ရယ်နေမိ၏ ။

"ဒါနဲ့ ဒီဇင်ဘာကို ပြောထားရဦးမယ် ၊ ဖေဖေက စိတ်မမှန်တာ မဟုတ်တော့ သူပြောတာ ဆိုတာတွေ ကို ဘယ်လိုမှ စိတ်မရှိပါနဲ့ နော်"

"ဒီဇင်ဘာက ကိုယ့်လူနာရဲ့ အခြေအနေကို သိထားနေတဲ့ သူပါ၊ ကိစ္စ မရှိပါဘူး ဦး"

"ကိုနောင် လို့ပဲ ခေါ်နိုင်ပါတယ် ဒီဇင်ဘာ"

"ဟုတ်..ဟုတ်ကဲ့ ကိုနောင်"

နောင်လတ်ကိုကို ကျေနပ်သွား၏ ။

သူသည် ဟင်းလျာများ ကိုခပ်၍ ဆရာမ လေး၏ ပန်းကန်ထဲသို့ ထည့်ပေးနေ၏ ။

"တော် လောက်ပါပြီ ၊ ဒီဇင်ဘာ့ ပန်းကန်ထဲမှာ များ နေပြီ"

"အားနာလို့လား ၊ အားမနာရဘူးနော် ၊ ကိုယ့် အိမ် ကိုယ့်ရာလို သဘောထားပြီး စားရမယ်"

"စိတ်ချပါ ၊အစားသောက် စားပြီ ဆိုရင်တော့ ဒီဇင်ဘာတို့က ဘယ်တော့မှ ရှိုးလေးနဲ့ မစားတတ်ဘူး အဝပဲ အဟင်း.ဟင်း"

*

"ဟိတ်"

"အမေ့ အို --လန့်လိုက်တာ ဝေယံရယ်"

"ဘာချောင်းနေတာလဲ"

"ဟိုမှာ လေ စေတနာတွေ ရေစီးကမ်းပြိုလိုက်နေတယ်"

ကေခိုင်က မနာလို မရှုဆိတ်လုဖြင့် ထမင်းစားခန်းဆီသို့ မေးငေါ့ပြကာ ပြောလိုက်သည်။

"ဝေယံ ပြောသားပဲ ၊ကိုကိုနောင် အကဲပါနေပါတယ်လို့ ၊ လာပါဗျာ သူတို့ကို လွှတ်ထားလိုက် ၊ ဝေယံနဲ့ စစ်တုရင်းကစားရအောင်ပါ"

ဝေယံကိုကိုက ကေခိုင်၏ လက်ကို ဆွဲ၍ ခေါ်လိုက်သည်။

"ဟင့်အင်းကွယ်"

"မမကေခိုင် ကိုကိုနောင်နဲ့ ကစားမလို့ လာတာ မဟုတ်လား၊ ခု ဝေယံနဲ့ ကစားတော့ကော ဘာထူးမှာ မို့လဲဗျာ၊ လာပါ"

"ဝေယံရယ်...မင်းကလေ ကလေးဆိုးကြီး ကျနေတာပဲ"

ပြောရင်း ဆိုရင်း ဝေယံ ဆွဲခေါ်ရာ နောက်သို့ ကျော့ကေခိုင် ပါသွားရသည်။

"ဒီဇင်ဘာလေးက ငယ်လဲငယ်တယ် ၊ ချောလဲ ချောတယ်၊ မင်းသဘောမကျဘူးလားဟင် ဝေယံ"

"အချေအလှမှန်သမျှဟာ ဝေယံရဲ့ သည်းခြေကြိုက်ချည်း ပါပဲ၊ ဒါပေမယ့် ဝေယံအချစ်ဆုံး ကတော့ ဒီကမ္ဘာပေါ်မှာ တစ်ယောက် တည်းပါ"

"ဟယ်...ဘယ်သူများ ပါလိမ့် ၊ ငါ့မောင် စကားက ဆန်းလိုက်တာ"

"နောက်တော့ သိရမှာ ပေါ့ ၊ ပြောဖို့ အချိန်စောပါသေးတယ် ၊ ရော့.....ဒီမှာ တက်လာပြီ၊ ဟော စားလိုက်ပြီ"

"ဒီကလဲ စားလိုက်ပါပြီတဲ့"

ထမင်းစားခန်းထဲမှ ထွက်လာသော နောင်လတ်ကိုကိုလည်း စီးကရက်ကို မီးညှိရင်း သူနှင့် ကေခိုင် စစ်တုရင်း ကစားနေကျရောတွင် ဝေယံ ဝင်ကစားနေသည်ကို တွေ့လိုက်ရသဖြင့် အံ့သြသွား၏ ။

“လာလေ နောင်နောင်”

ကေခိုင်ကလည်း သူ့ကိုမြင်သွားသဖြင့် ခေါ်လိုက်သည်။

“ကစားပါ ၊ ကစားပါ၊ ကိုယ်တို့က နေ့တိုင်း ကစားနေတာပဲ ၊ ညီနဲ့ ပဲ ကစားလိုက်ပါ ကေခိုင်။

ဝေယံက ဒူးတနံ့နံ့ လုပ်နေ၏ ။

ကေခိုင်မှာ တော့ မချင့်မရဲကြီး ဖြစ်ကာ အရုပ်ကလေးကို ဘယ်ရွှေ့ရမှန်း မသိတော့ပါ။

နောင်လတ်ကိုကိုသည် နံရံကပ် မီးတစ်ပွင့်ကို ဖွင့်ကာ မဂ္ဂဇင်းတစ်အုပ်ကို ယူပြီး ပက်လက် ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။

ကေခိုင်လည်း ဟင်းခနဲ စိတ်ကို လျှော့ချလိုက်က ဝေယံကိုကိုနှင့် ငါးပွဲ ဆက်တိုက် ကစားလိုက်ရတော့သည်။

*

“ဒီနေ့တော့ ကောင်းကောင်းစား ကောင်းကောင်းအိပ်သွားပြီ၊ ဒီအတိုင်း ဆိုရင် အစ်ကိုကြီး မြန်မြန် ကျန်းမာလာမှာ ပဲ”

ဒေါ်ဦးက အိပ်ပျော်နေသော အစ်ကို ဖြစ်သူ ဦးကိုကိုလတ်ကို ကြည့်ကာ လေသံ တိုးတိုးဖြင့် ဆရာမ လေး ဒီဇင်ဘာကို ပြောလိုက်သည်။

ဒေါ်ဦးသည် အလွန် ဝမ်းသာအားရနေဟန်ရှိ၏ ။

"သမီးလေးလဲ ပင်ပန်းနေပြီ အခန်းပြန် အိပ်ချင်အိပ်တော့လေ "

"ဒီဇင်ဘာ ဒီမှာ ပဲ အိပ်မှာ ပါ"

"အို... ဖြစ်ပါ့မလား"

"ရပါတယ် ၊ ဒီလိုပဲ ဒီဇင်ဘာ နာတာရှည် ရောဂါ သည်တွေ ကို နေ့ရောညပါ မနည်းပါဘူး ဒေါ်ဒေါ်ဦး ၊ ဒီမှာ ပဲ ကင်းမ်ကော့ကလေးနဲ့ နားရင်း စောင့်တော့မယ်"

ဒီဇင်ဘာသည် ဦးကိုကိုလတ်အတွက် အခန်းထဲတွင် ထားရှိသော ကင်းမ်ကော့ကိုရှင်းကာ သက်သော င့် သက်သာ ဖြစ်အောင် နောက်သို့ လှန်လိုက်သည်။

"ကဲ...ကဲ သမီးလဲ နားတော့၊ ဒေါ်ဒေါ်ဦးလဲ နားတော့မယ် တစ်နေ့လုံး ဂျင်ဂျင်လည်အောင် အလုပ်လုပ်ရတော့ နားချင်လှပြီ"

"ဟုတ်ကဲ့ ၊ ဒေါ်ဒေါ်ဦး"

ဒီဇင်ဘာသည် အိပ်ခန်း၏ မီးပွင့်ကြီးကို ခလုတ်ပိတ်လိုက်ပြီး ပြာလဲ့လဲ့ အိပ်ရာဝင် မီးကလေးကိုသာ ဖွင့်ထားလိုက်သည်။

ပါးစပ်ကလေး ပိတ်၍ တစ်ချက် သမ်းဝေလိုက်ပြီး သူသည် မျက်စိကို မှိတ်ထားနေ၏ ။

ရတ်ခြည်တော့ အိပ်မပျော်။

သူ့ဦးခေါင်းထဲတွင် အတွေ းတွေ ချာချာလည်နေသေး၏ ။

အတွေ းတစ်ခုအဆုံးတွင် သူသည် ဖျတ်ခနဲ ကိုယ်ကိုမတ်လိုက်ပြီး စူးရဲသော မျက်လုံးများ ဖြင့် လူမမာဦးကိုကိုလတ်ထံသို့ ကြည့်လိုက်သည်။

လူမမာ ဦးကိုကိုလတ်သည် အပူအပင် မရှိသော သူ တစ်ဦးကဲ့သို့ နစ် ခြိုက်စွာ အသက်ကို မှန်မှန်ကြီး ရှူ၍ အိပ်ပျောနေ၏ ။

"သူဟာ ငါ့လက်ထဲက လူမမာ တစ်ယောက် ပဲ"

ဦးခေါင်းထဲသို့ ရုတ်ခြည်း ဝင်လာသော အသိတရား တစ်ခုကြောင့် စောစောက ရင်ထဲတွင် ခေါင်ထောင်လာသော ဆန္ဒများ သည် အလမ္မာယ်ဆရာနှင့် တွေ့သော မြွေဟောက်တစ်ကောင် ကဲ့သို့ ဝပ်ဆင်း၍ သွားတော့၏ ။

"ဟင်း"

ပင့်သက်ရှိုက်လိုက်ပြီး သူသည် မျက်လုံးများ ကို မှိတ်ကာ ပြန်လှဲချလိုက်ပြန်သည်။

ဘယ်လိုမျှ အိပ်၍ မပျော် သည်တော့ အသင့်ယူထားသော ပုတီးကလေးကို စားပွဲပေါ်မှ လှမ်းယူကာ ဘုရားဝတ်ပြုပြီး မယ်တော် သခင်မ၏ ဂုဏ်တော် ပုတီးကို စိပ်လိုက်သည်။

ပုတီးတစ်ပတ် နှစ် ပတ် သုံးပတ်အထိတော့ သူ သိလိုက်သေးသည် ၊ ထို့နောက်တော့.....

*

နောင်ကိုကိုလတ်သည် စာရင်းများ ပြုစုပြီး ဆုံးသွား သဖြင့် ဝါးခနဲ့ တစ်ချက် သမ်းကာ ထိုင်ရာမှ ထလိုက်သည်။

ညောင်းညာနေမှု ကို ကိုယ်လက် လှည့်၍ ချိုး လိုက်ပြီး အိပ်ရာမဝင်မီ မခင်ကြီး၏ အခြေအနေကို ကြည့်ရန် အိပ်ခန်းဆီသို့ ထွက်ခဲ့သည်။

တံခါးကို အသာအယာ တွန်းကြည့်လိုက်သည်တွင် ပြာလဲ့လဲ့ မီးရောက်အောင်တွင် နှစ် ခြိုက်စါ အိပ်မောကျနေသော ဖခင်ကို ကျေနပ်ဖွယ်ရာ တွေ့လိုက်ရသည်။

"ဖေဖေ နှစ် နှစ် ခြိုက်ခြိုက် အိပ်ပျော်နေတာပဲ "

အိပ်ခန်းဝမှ ပြန်လှည့်ထွက်မည် အပြုတွင် တော့ သူသည် ဆရာမ လေး ဒီဇင်ဘာကို သတိပြုမိသွားသည်။

လက်ကလေး တစ်ဘက်က မို့မို့ဝန်းသော ရင်ဘတ်ပေါ်တွင် တင်ရှိပြီး တစ်ဘက်က ဘေးသို့ ယိုင်ယိုင်ကလေးကျကာ ခရစ်တော် ၏ လက်ဝါးကပ်တိုင်ပါသော စိတ်ပုတီးကလေးက လက်ချောင်းကလေးများ ပေါ်တွင် း သာသာကလေး တင်နေ၏ ။ လှပ ဖြူ ဥလွှန်းသော မျက်နှာကလေးက ဘယ်လက်သို့ အသာကလေး စောင်းကျနေ၏ ။

ကြွကြွရွရွ ပန်းပုရုပ်ကလေး လဲလျောင်းထားသည် ကဲ့သို့ ရှိလှပါ၏ ။

"အို...သူကလေးက ဖေဖေကို စောင့်အိပ်နေရှာတာကိုး၊ ကျေးဇူး တင်ပါတယ် ဒီဇင်ဘာ ၊ မင်းလေးကို သိပ် ကျေးဇူးတင်ပါတယ်ကွယ်"

နောင်လတ်ကိုကိုသည် တံခါးကို အသာ ပြန်စေ့ခဲ့ပြီး သူ့ အိပ်ခန်းရှိရာ အပေါ်ထပ်ဆီသို့ ဖော့ဖွသော ခြေလှမ်းများ ဖြင့် တက်ခဲ့တော့သည်။

အိစက်သော မွေ့ရာပေါ်တွင် ကိုယ်ကိုပစ်လှဲ၍ မျက်လုံးအစုံကို မှိတ်လိုက်သည်တွင် စောစောက တွေ့မြင်ခဲ့ရသော ဒီဇင်ဘာ၏ လှပသော အဆင်းသဏ္ဍာန်ကို မြင်ယောင်၍ လာ၏ ။

"မင်းဟာ လူ့ယေသလောက် သိပ်လှပြီး သိပ် သဘောထား ပြည့်ဝတဲ့ မိန်းကလေးပါလား ဒီဇင်ဘာလေးရယ်၊ မင်းလေး သီတဂူကို ရောက်လာတာ မင်္ဂလာ ရှိလိုက်တာကွယ် ၊ မင်္ဂလာ ရှိလိုက်တာ"

သည်နေ့ကို သီတဂူတွင် မင်္ဂလာရှိသော နေ့တစ်နေ့ဟု နောင်လတ်ကိုကိုက သူ့ အသိဉာဏ်ထဲတွင် မှတ်တမ်းတင်လိုက်တော့သည်။

*

# (၄)

"အား"

တိတ်ဆိတ် ငြိမ်သက်နေသော ညအမှောင်ထုကြီးကို ဖောက်ထွင်း၍ ကြောက်မယ်ဖွယ်ရာ အသံနက်ကြီးက ထွက်ပေါ်လာ၏ ။

သီတဂူမိသားစု တစ်ခုလုံး ဝုန်းဝုန်းဒိုင်းဒိုင်း လှုပ်ရှားသွားကြ၏ ။

"ဦး....ဦး"

" သွားပါ ...သွား ဇော်မှိုင်း ၊ မင်း မင်း ငါ့နားမကပ်ပါနဲ့ ၊ ငါ...ငါ့ကို မသတ်ပါနဲ့ ၊ မသတ်ပါနဲ့ "

"ဦး...ဦး သတိထားပါ ၊ ကျွန်မ ဒီဇင်ဘာပါ ၊ ဦးရဲ့ သူနာပြုဆရာမ ဒီဇင်ဘာပါ"

ရှန်းနေသော ဦးကိုကိုလတ်၏ ကိုယ်ကို သူ့လက်ဖြင့် ဖိရင်း ဒီဇင်ဘာက ပြောလိုက်သော်လည်း ဦးကိုကိုလတ်သည် ပြော မရဘဲ ပြူး ထွက်ကာ အတင်းရုန်းနေ၏ ။

"သွား"

"အမေ့"

အတင်းရုန်းထွက် ဆောင့်တွန်းပစ်လိုက်သဖြင့် ဒီဇင်ဘာ ကြမ်းပေါ်သို့ ကျသွားသည်။

ထိုစဉ် နောင်လတ်ကိုကိုတို့ တူအရီးတစ်တွေ အိပ်ခန်းထဲသို့ စုပြုံရောက်ရှိလာ၏ ။

"ဟင် .. ဒီဇင်ဘာ"

ကြမ်းပေါ်မှ မထနိုင်ဘဲ ဖြစ်နေသော ဒီဇင်ဘာထံသို့ နောင်လတ်ကိုကိုသည် လေအလျင်ကဲ့သို့ ရောက်ရှိသွားပြီး ထူပေးလိုက် သည်။

“ဘယ်နာသွားသလဲဟင်”

“ရ….ရပါတယ်၊ဦးကိုသာ ကြည့်ပါ”

ဒီဇင်ဘာသည် နာသွားသော ခါးကို လက်ဖြင့် ပွတ်ကာ မျက်စိကို မှိတ်ထားရင်း ပြောလိုက်သည်။

“ဖေဖေ”

ဆရာမ လေး ဒီဇင်ဘာထံသို့ မျက်လုံးပြူး ကြီးများ ဖြင့် ကြည့်နေသော ဦးကိုကိုလတ်သည် ယခုတော့လည်း လှုပ်ရှားမှု မရှိဘဲ ကြောင်တောင်တောင်ကြီး ဖြစ်နေသည်။

“ဖေဖေ”

“ဇော်…ဇော်မှိုင်းမှတ်လို့ ဆရာမ ..ဆရာမ လေး နာသွားသလား ဟင်”

သည်လို မေးလာပြန်တော့လည်း နာကျင်လွန်းသဖြင့် ဒေါသစိတ်ကလေး ဝင်သွားမိသော ဒီဇင်ဘာသည် ရုတ်ခြည်း စိတ်ပြေသွား၏ ။

“ကျွန်မ..ကျွန်မ သိပ်မနာပါဘူး ဦး”

ဒီဇင်ဘာက သူ့ခါးကလေး တစ်ဘက်ကို လက်ဖြင့် အသာဖိရင်း လူမမာ၏ ကုတင်အနီးသို့ တိုးကပ်လာ၏ ။

“ကျုပ်….ကျုပ်ကို ခွင့်လွှတ်ပါ ၊ ကျုပ်..ကျုပ်ကို ဇော်မှိုင်း သတ်တော့မလို့ ၊ ကျုပ်လည်ပင်းကို သူ့ လက်တွေ ရောက်နေပြီး ၊ အို…ကျုပ် မသေချင်ပါဘူး”

ကျုပ် သူ့ကို ဝန်ချတောင်ပန်ပြီး ကျုပ် ကျို့ ဟင်း….ဟင်း..ဟင်း”

“ဦး….ဦး မောနေပြီး စကားသိပ်မပြောနဲ့ ၊ ကိုနောင် ရေပေးပါ”

ဒီဇင်ဘာသည် ဗေလီယံဖိုက် ဆေးတစ်ပြားကို အလျင်အမြန် ထုတ်ယူလိုက်ပြီး ဦးကိုကိုလတ်ကို တိုက်ကျွေးလိုက်၏ ။

စမ်းသပ်ကြည့်လိုက်သည်တွင် ဦးကိုကိုလတ်၏ နလုံးခုန်နှုန်း သိပ်မြန်နေသည်ကို တွေ့ရှိလိုက်ရသည်။

“နလုံးခုန်နှုန်း သိပ်မြန်နေတယ်”

“ဒေါက်တာ ခေါ်လိုက်ရမလား ဒီဇင်ဘာ”

နောင်လတ်ကိုကို ပျာယာခတ်သွားသည်။

”ဦးရင်ထဲက အောင့်လာသလားဟင်”

ဦးကိုကိုလတ်က ခေါင်းကို အသာ ယမ်းပြလိုက်သည်။

”ခဏစောင့်ကြည့်လိုက်တာပေါ့ ကိုနောင်၊ ကာရာမိုက်လဲ ဒီဇင်ဘာ အရမ်းမတိုက်ချင်လို့”

ဒီဇင်ဘာသည် ကုလားထိုင်တစ်လုံးကို ခုတင်နားသို့ တိုးရွှေ့လိုက်ပြီး ဦးကိုကိုလတ်၏ လက်သွေးကို စမ်းနေ၏ ။

နောင်လတ်ကိုကို ဆရာမ လေးဒီဇင်ဘာ၏ အနီးတွင် ရပ်ကာ ဖခင် ဖြစ်သူကို စိုးရိမ်ကြောင့်ကြ ကြီးစွာ ဖြင့် စူးစိုက်ကြည့်နေသည်။

ဝေယံကိုကို ကတော့ ဖခင်၏ ခုတင်ခြေရင်းတွင် ထိုင်ကာ လက်ချောင်းကလေးများ ကို ယှက်၍ ကြမ်းပြင်ကို စူးစူးစိုက်စိုက် ကြည့်နေ၏ ။

ဒေါ်ဦး ကတော့ အစ်ကို ဖြစ်သူကို ကြည့်ကာ မျက်ရည်တလည်လည် ကြည့်နေ၏ ။

ဆယ်မိနစ်ခန့်ကြာလျှင် သွေးခုန်နှုန်းကျဆင်းလာကာ စောစောပိုင်းက အသက်ကို အလုအယက် ရှုနေရသော ကြောင့် ပြင်းထန်စွာ လှုပ်ရှားနေသော ဦးကိုကိုလတ်၏ လှုပ်ခါသော ရင်ဘတ်ကြီးသည် ငြိမ်စပြုလာ၏ ။

ဦးကိုကိုလတ် မှိန်းနေရာမှ မျက်လုံးများ ဖွင့်ကြည့်လာသည်။

“ဖေဖေ သက်သာလား ဟင်”

“သက်သာပါတော် သားကြီး”

“ဟင်..တော် ပါသေးရဲ့ ဖေဖေရယ်”

ရင်အေးသွားဟန်ဖြင့် နောင်လတ်က ပြောပြီ ဖခင်၏ ခုတင်စွန်းတွင် ဝင်ထိုင်လိုက်သည်။

“သားတို့အားလုံး ဖေဖေ့ အနားမှာ ရှိနေကြတယ်နော်”

“ဟုတ်ကဲ့၊ အားလုံး ရှိပါတယ် ဖေဖေ”

“ဖေဖေ...ဒီညတော့ ရင်ထဲမှာ ဆက်ပြီး မျိုသိပ် မထားနိုင်လွန်းလို့ ဖေဖေ ကျိတ်ခံစားနေရတဲ့ ဝေဒနာရဲ့ ဇာစ်မြစ်အကြောင်းကို ဖွင့်ပြောတော့မယ်”

“မနက်မှ ပြောပါလား ဦးရယ်နော် ခု အိပ်ပျော်အောင် အိပ်လိုက်၊ မနက်ဆိုရင် ဦး လန်းလန်းဆန်းဆန်း ဖြစ်သွားမှ”

“ဆရာမ လေး အသာနေပါကွယ်၊ ဒါ ဦးအတွက် သိပ် အရေး ကြီးတဲ့ ကိစ္စမို့ပါ”

ဒီဇင်ဘာလည်း မတတ်သာတော့ပါ။

သားကြီး နောင်နောင်၊ သားငယ် ဝေယံနဲ့ မဦး နားထောင်ကြနော်၊ ဒီနေ့ ဒီရက်အထိ မင်းတို့အားလုံး သီတဂူခြံနဲ့ အိမ်ကြီးထဲမှာ ချမ်းသာကြွယ်ဝစွာ နဲ့ နေရတာ ဖေဖေ့ အစွမ်းအစနဲ့ ကြီးပွား ချမ်းသာလာခဲ့လို့ဆိုတာ မဟုတ်ဘူး”

ဒီဇင်ဘာသည် ကိုယ်လုံးကလေး တွန့်ခနဲ ဖြစ်သွားပြီး နောက်ထပ် ထွက်လာမည့် စကားများ ကို နားစွင့်နေ၏ ။

သားနှစ် ယောက် နှင့် ဒေါ်ဦးသည် တွေ ဝေသော အသွင်များ ဖြင့် ဦးကိုကိုလတ်ကို ကြည့်နေကြ၏ ။သူတို့က ဦးကိုကိုလတ် စိတ်ဖောက်လာပြန်ပြီဟု ထင်ကြသည်။

"သားကြီး ကြားလား"

"ဟုတ်...ဟုတ်၊ ဆက်ပြောပါ ဖေဖေ"

"ဖေဖေ ချမ်းသာလာသမျှအားလုံးဟာ ဖေဖေ သူငယ်ချင်း ဇော်မှိုင်းအပေါ် ဖေဖေ ခေါင်းပုံဖြတ်ပြီး ယူလာခဲ့တဲ့ ကျောက်စိမ်းသုံးလုံးကြောင့် ပဲ ၊ စကား အဆုံးစွန် ပြောရမယ် ဆိုရင်တော့ကွာ သူပိုင် ကျောက်စိမ်းတွေ ကို ဖေဖေက ရောင်းပေးမယ်ဆိုပြီး ဖြတ်အုပ် တိမ်းရှောင်နေခဲ့တာပဲ"

ဦးကိုကိုလတ်သည် နှုတ်ခမ်းကြီးများ တဆတ်ဆတ်တုန်ကာ မျက်ရည်များ လည်း စီးကျလာ၏ ။

"ဖေဖေ"

နောင်လတ်ကိုကိုက ဖခင်၏ လက်များ ကို သူ့ လက်ဖြင့် အုပ်မိုး၍ ကိုင်ထားလိုက်သည်။

"ဘုရား...ဘုရား"

ဒေါ်ဦးက သူ့ရင်ဝကို လက်ဖြင့် ဖိကာ နေ၏ ။

ဝေယံ ကတော့ ဖခင် ဦးကိုကိုလတ်၏ မျက်နှာကို ခပ်စိန်းစန်း ကြည့်နေသည်။

ဒီဇင်ဘာမှာ တော့ နောက်ထပ်လာမည့် စကားများ ကို ရင်ထိတ် ခုန်စွာ ဖြင့် စောင့်စားနေ၏ ။

"သား...သားကြီး ၊ ခု ဖေဖေ ပြောနေတာတွေ ကို ယုံပါနော်၊ ဖေဖေ စိတ်ဖောက်လို့ ပြောနေတာ မဟုတ်ပါဘူး၊ ဖုံးကွယ်ထားခဲ့တာတွေ ရင်ထဲမှာ ဝှက်မထားနိုင်အောင် ဖေဖေ တစ်နေ့ထက် တစ်နေ့ ခံစားလာနေရလို့ပါ"

"ဇော်မှိုင်း...ဇော်မှိုင်းကို ရှာပါ သား၊ ဖေဖေ့ ကိုယ်စား ဇော်မှိုင်းကို သားနှစ်ယောက် ရှာပေးကြစမ်းပါ၊ ဖေဖေမှာ အချိန်သိပ်မရှိတော့ဘူး"

"အို...မဟုတ်တာဘဲ ဖေဖေရယ်၊ ဖေဖေ ကျန်းမာအောင်နေပါ၊ သား ဖေဖေ ပြောတဲ့ ဇော်မှိုင်းကိုတွေ့အောင် ရှာပေးမယ်၊ သူက ဘယ်မှာ လဲ၊ ဘယ်သူလဲ"

နောင်လတ်ကိုကိုသည် ဖခင် ဖြစ်သူအား နှစ် သိမ့် မေးမြန်းလိုက်သည်။

"သူ့ ပစ္စည်းပေါ့၊ ဖေဖေ ဖြတ်အုပ်ခဲ့တယ်ဆိုတာ သူ့ ပစ္စည်းပေါ့"

"သူ...သူ အလျင် ကတော့ မြစ်ကြီးနား ဖားကန့်မှ နေတယ်၊ ခုတော့ ဘယ်မှာ နေတယ် မသိတော့ဘူး သားကြီးရယ်"

ဒီဇင်ဘာသည် မျက်နှာကလေးကို တစ်ဘက်သို့ ဖျတ်ခနဲ လွှဲဖယ်ထားလိုက်ပြီး ရင်ထဲတွင် ငိုချင်စိတ်များ တား၍ မရအောင် ဖြစ်နေ၏ ။

ကာယံရှင်များ မှာ တော့ သူတို့ သတိမပြုမိကြဘဲ လူမမာဦးကိုကိုလတ်ဆီသို့သာ အာရုံ ရောက်ရှိနေကြသည်။

"သူ့ကို ဘယ်လို ရှာတွေ့နိုင်မလဲ ဖေဖေ"

"သူ့အသက်ကလဲ ဖေဖေနဲ့ တစ်ရွယ်တည်းဆိုတော့ သူလဲ အသက်ရှင်လျှက်ရှိချင်မှ ရှိမှ ရှိတော့မယ်၊ ဒါပေမယ့် သူ့မှ သမီးကလေး တစ်ယောက် ရှိတယ် ၊ လှနုမြူလို့ ခေါ်တယ်၊ ဂျပန်မလို့လဲ ခေါ်တယ်၊ သူ့ သမီးကလေးမွေးတဲ့ အချိန်မှာ သားဟာ ခြောက်နှစ် ခုနှစ် လောက် ရှိပြီး ထင်တယ်"

"သူ ဖေဖေကို ကတိတောင်းခဲ့တယ် သား၊ သူ ရောင်းလိုက်တဲ့ ကျောက်စိမ်းတွေ စွံရင် ဖေဖေတို့ တစ်ယောက် တစ်ဝက် ခွဲယူကြမယ်လို့ ပြောတယ်၊ တကယ်လို့များ အကြောင်းကြောင်း ကြောင့် သူ ဆုံးသွားခဲ့ရင်တော့ သူ သမီးလေး လှနုဖြူကို လွှဲပေးပါတဲ့ သားကြီးရယ်"

"ဒါဆိုရင် ဖေဖေ အခြေအနေ စိတ်ချရလောက်တာနဲ့ သား ဖားကန့်ကို လိုက်သွားမယ်"

"ဟိုမှာ သူတို့ မရှိကြတော့ဘူး သားကြီး"

“ဗျာ ..ဖေဖေ”

“ဟုတ်တယ် သားကြီး ၊ဖေဖေခုလို လဲမသွားခင်က သူတို့ကို လိုက်ရှာနေတာ မတွေ့ရတော့ဘူး၊ ဇော်မှိုင်း ကတော့ ရောဂါ ကျွမ်းနေတဲ့ လူဆိုတော့ သော လောက်ပါပြီ၊ ဖေဖေတို့ ဂျပန်မနဲ့ သူ့အမေကိုပဲ ရှာရတော့မယ်၊ ဂျပန်မကိုရှာပြီး ပစ္စည်းတွေ ခွဲပေးရမယ် ၊ ဂျပန်မ ...ဂျပန်မ ...လုနဖြူ...လုနဖြူ”

ဦးကိုကိုလတ်သည် မျက်လုံးကြီးများ ပြူး ကာ ပြန်မေလာပြန်သည်။

“ဖေဖေ.....ဖေဖေ”

“သား......သားကြီး...သားငယ် ဂျပန်မကို ရှာကြနော်”

“စိတ်အေးအေး ထားပါ ဖေဖေ၊ ရှာပေးပါ့မယ်၊ ဖေဖေ မောနေပြီ ၊ နားလိုက်ပါနော် ၊ ဖေဖေ နားလိုက်ပါ ၊ ဆရာမ ဒီဇင်ဘာ...”

ဖခင်ကို နှစ် သိမ့်ရင်းက ဆရာမ လေး ဒီဇင်ဘာ ဘက်သို့ ကြည့်လိုက်ရာ ဒီဇင်ဘာသည် တောင့်တောင့်ကလေး ရပ်၍ လူမမာအား စူးစိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။

နောင်လတ်ကိုကို ဒေါသထွက်သွားမိ၏ ။

ထို့ကြောင့် လည်း ဆရာမ လေးကို ခေါ်လိုက်သံက ဒေါသပါ၍ ဟိန်းခနဲ့ ထွက်သွားခဲ့သည်။

ဆရာမ လေး ရုတ်ခြည်း လှုပ်ရှားသွားက ကာရာမိုက်ပုလင်းကို အလျင်အမြန်ယူ၍ ဦးကိုကိုလတ်ကို တိုက်လိုက်သည်။

“သား..သားကြီး”

“ဦး စကား မပြောနဲ့ကဦးလေ၊ မောနေတယ် မဟုတ်လား”

“ဆရာမ အသာနေစမ်းပါ ၊ သား...သားကြီး”

"ဖေဖေ ပြောပါ ဖေဖေ"

"လှနဖြူမှာ သက်သေ အထောက်အထား တစ်ခုရှိရမယ်၊ သားကြီး ဖေဖေ ဗီရိုထဲက ငွေကြေးတ်ကလေး သွားယူခဲ့ပါ"

နောင်လတ်ကိုကိုသည် အလျှင်အမြန်ပင် ထ၍ ဗီရိုထဲမှ ငွေကြေးတ်ကလေးကို ထုတ်ယူလာသည်။

"အဲဒီ အထဲမှာ ဂွမ်းနဲ့ ထုပ်ထားတဲ့ အသည်းပုံ ချွမ်ကောက်တစ်ခြမ်း ထုတ်..အဲ ..အဲ ဟုတ်ပြီ၊ အဲဒီ ချွမ်းကျောက်ဟာ သူ့ဆီမှာ တစ်ခြမ်း၊ ဖေဖေ့ဆီမှာ တစ်ခြမ်းရှိတာ ဆက်လိုက်ရင် အသည်းပုံတစ်ခု ဖြစ်သွားတယ်"

"ဖေဖေ့ဆီက အခြမ်းမှာ အင်္ဂလိပ်စာလုံး ဇက်ပါတယ်၊ သူ့ဘက်က တစ်ခြမ်းမှာ တော့ ကေတစ်လုံးပါတယ်၊ အဲ...အဲဒီ ကျောက်တစ်ခြမ်းဟာ ဖေဖေတို့နှစ် ယောက် ရဲ့ သင်္ကေတပဲ သား"

"ဇော်မှိုင်းက ပြောဖူးတယ်၊ သူ့ သမီး ဂျပန်မကို ပိုက်ဆံတတ်နိုင်ရင် ဆွဲသီးလုပ် အဆွဲပေးထားမယ်လို့၊ ဂျပန်မကို ရှာပါ သားကြီးရယ်၊ ဖေဖေ့မှာ ရှိသမျှစည်းစိမ်ဥစ္စာကို ထိုးပေး ချင်လှပါပြီ"

"ဇော်မှိုင်း ခဏခဏ လာနှိပ်စက်နေတာ ဖေဖေ မခံနိုင်တော့ဘူး၊ ဖေဖေ မခံနိုင်တော့ဘူး၊ ဟီး...ဟီး...ဟီး"

ဦးကိုကိုလတ်သည် စကားအဆုံးတွင် တဟီးဟီး အသံထွက်အောင် ငိုချလိုက်ပါတော့သည်။

"ဖေဖေ..ဖေဖေ"

"ဦး...ဦး မငိုနဲ့ လေ"

"အစ်ကိုကြီး အစ်ကိုကြီး သတိထားမှပေါ့၊ အစ်ကိုကြီး ဖြစ်စေချင်တာကို ကျွန်မတို့ အားလုံး ဝိုင်းရှာပေးပါ့မယ်၊ ဆောင်ရွက်ပေးပါ့မယ်"

နှုတ်ဆိတ်နေသူ တစ်ဦးတည်းက ဝေယံကိုကို ဖြစ်သည်။

"ဦး သိပ်စိတ်လှုပ်ရှားနေတယ်၊ ဒေါက်တာ ခေါ်လိုက်ပါ ကိုနောင်"

နောင်လတ်ကိုကိုသည် နေရာမှထကာ ချာခနဲ လှည့်၍ အခန်းတွင်းမှ လျင်မြန်စွာ ထွက်သွားတော့သည်။

မကြာမီ ဝေယံကိုကိုလည်း ထိုင်ရာမှ ထထွက်သွားသည်။

ဒေါ်ဦး ကတော့ ဦးကိုကိုလတ်အား ပြုစုနေသော ဆရာမ လေး ဒီဇင်ဘာ၏ အနီးသို့ ချဉ်းကပ်သွား၏ ။

"သမီး"

"ကောင်းသွားမှာ ပါ၊ သိပ်စိတ်လှုပ်ရှားစရာတွေ များ သွားလို့ စိတ်ချရအောင်လို့ ဆရာဝန် ခေါ်ခိုင်းလိုက်တာပါ ဒေါ်ဒေါ်ဦး"

ဒေါ်ဦးသည် အသည်းပုံချွမ်းကျောက်ပန်းရောင် ကလေးတစ်ခြမ်းကို ငွေကြုတ်ကလေးထဲ ပြန်ထည့်ကာ ဦးကိုကိုလတ်၏ ဗီရိုထဲတွင် ပြန်လည် သိမ်းဆည်းထားလိုက်သည်။

မကြာမီ ဦးကိုကိုလတ်ကို ကုသပေးနေသော တစ်ခြံကျော်မှ ဒေါက်တာမျိုး သော ရောက်ရှိလာပြီး စမ်းသပ်စစ်ဆေးကာ အကြောဆေး ဆေးတစ်လုံး ထိုးပေးလိုက် သည်။

"ဦး အိပ်ပျော်သွားလိမ့်မယ်၊ အိပ်ပျော်ရင် မစိုးရိမ်နဲ့နော်၊ သူ သိပ်အိပ်ဆိုက် ဖြစ်သွားလို့ ရက်(စ်) အနားရအောင် ဆေးထိုးပေးခဲ့တာပါ၊ စိုးရိမ်စရာ ဘာမှ မရှိပါဘူး၊ သြော်..နပ်(စ်).."

"ဟုတ်ကဲ့ ဒေါက်တာ"

"အင်ဂျစ်တော့ အဆင်သင့် ရှိတယ် မဟုတ်လား"

"ဟုတ်ကဲ့"

"သူ့နဲ့ နီးတဲ့နေရာမှာ ထားပါ၊ ရင်အေင့်လာရင် အခြေအနေကို ကြည့်ပြီး၊ တစ်ခြမ်းကနေ အလုံးအထိ လျှာအောက်မှာ ငုံထားခိုင်းပါနော်"

"ဟုတ်ကဲ့ ဒေါက်တာ"

ဒေါက်တာမျိုး သော် သည် သူနာပြုဆရာမ လေး ဒီဇင်ဘာကို လူနာအတွက် မှာစရာရှိသည်များ မှာ ကြားခဲ့ပြီး ပြန်သွားသည်။

သူ့ကို နောင်လတ်ကိုကိုက လိုက်ပို့ပေးသည်။

သူသည် ဧည့်ခန်းထဲတွင် ကုလားထိုင်ပေါ်တွင် ကိုယ်လုံးကြီးကို လျှော့ချ၍ ထိုင်နေသော ညီ ဖြစ်သူကို တွေ့ရလျှင် ဆွဲးထိုးပစ်ချင်လောက်အောင် ဒေါပွသွား၏ ။

"ညီ ဖေဖေ့ အနားမှာ နေပဲ့လား"

"သူ အိပ်ပျော်သွားပြီ မဟုတ်လား၊ ညီ ကြည့်ပြီးလို့ ဒီမှာ လာပြန်ထိုင်နေတာ"

နောင်လတ်ကိုကိုလည်း ဘာမှ ဆက်မပြောနိုင်တော့ဘဲ ဆရာဝန်၏ ဆေးအိတ်ကို ဆွဲကာ ထွက်ခွာ သွားတော့သည်။

*

ကေခိုင်သည် စောစောစီးစီး ရှူး ရှူး ရှားရှား သီတဂူခြံဝင်းကြီးထဲက ထွက်လာသော ဝေယံကိုကိုကို တွေ့လိုက်ရလျှင် ဆက်မလျှောက်တော့ဘဲ ခြေလှမ်းများ တန့်သွား၏ ။

"ဒါ ဘာ ဖြစ်လာပြန်တာလဲ ဝေယံ"

"ထုံးစံအတိုင်း ခင်ဗျား ငနဲကြီးပေါ့"

"ဟွန်း...ခက်တာပဲ ဝေယံရယ်၊ မင်းတို့ နှစ် ယောက် ကလဲ ခွေးနဲ့ မျောက်

ကျနေတာပဲ”

“ဟုတ်တယ်၊ ခွေးနဲ့ မျောက်ပဲ”

“မင်းလေးကလဲ သိပ်ခက်တယ်”

လည်သည်းချွန်ချွန်နီနီကလေး ဖြစ်အောင် လက်ညှိုး ဖြင့် ကျော့ကေခိုင်က ဝေယံကိုကို၏ နဖူးကို ထောက်ကာ ပြောလိုက်သည်။

“သိပ်ခက်တာ ဝေယံ မဟုတ်ဘူးဗျ၊ ခင်ဗျားရဲ့ နောင်နောင်၊ ခင်ဗျားနဲ့ နောင်နောင်”

“ကဲ…ဆိုစမ်းပါဦး ၊မမကေခိုင်နဲ့ နောင်နောင်က ဘာတွေ ခက်နေတာလဲ”

“ပျက်ချော်ချော် လုပ်မနေနဲ့၊ သိချင်ရင် လိုက်ခဲ့”

မိုက်တူးတူး ဂျစ်ကန်ကန် ပုံစံဖြင့် ဝေယံက ပြောလိုက်သည်။

“ဘယ်ကို လိုက်ရမှာ လဲ”

“မမကေခိုင်ရဲ့ ခြံထဲကိုပဲ သွားမယ်”

“လာ….လာ ကိုယ်တော် ချောလေး ၊ လာခဲ့ပါတဲ့”

ကျော့ကေခိုင်က သူ့၏ ခြံဝင်းထဲသို့ ဝေယံကိုကိုကို လက်ဆွဲ၍ ခေါ်ဆောင်လာပြီး ချယ်ရီပင်ကြီးအောက်တွင် ထိုင်ခိုင်းလိုက်သည်။

သူကိုယ်တိုက်လည်း စိမ်းမြမြ မြက်ခင်းပြင်ပေါ်တွင် ဝေယံနှင့် ကပ်၍ ထိုင်ချလိုက်သည်။

“ကဲ..ပြောတောမူပါ သခင်လေး”

“မမကေခိုင် မြူး မနေနဲ့၊ သီတဂူမှာ ဘယ်လောက် စာရင်းရှုပ်နေတယ်ဆိုတာ ခင်ဗျားကြီး မသိဘူး၊ သိရဲ့ လား”

"အေးလေ၊ မသိတာကို သိအောင် ဝေယံက ပြောပြမှပေါ့၊ ဘာလဲ မင်း အစ်ကိုနဲ့ ဒီဇင်ဘာ ချစ်နေကြပြီးလား"

"အိုဗျာ...ခင်ဗျားကြီး စိတ်ကူးထဲမှာ တဆိတ်ရှိ ဒါပဲ ရှိနေတာပဲ"

"သိဘားလေဟယ်၊ ကဲ..ကဲ ပြောပါဦး၊ ဘာတွေ ဖြစ်နေကြတာလဲ"

"ညက ဖေဖေက စကားအဆန်းတွေ ဖွင့်ပြောတယ်။

သီတဂူရဲ့ အမွေကို ဆိုင်တဲ့ လူ တစ်ယောက် ရှိနေသေးတယ်တဲ့ဗျ"

"ဟင်..ဟုတ်လား၊ သူက ဘယ်သူလဲ"

ကေခိုင်သည် လှိုင်နာ ဆွဲထားသော မျက်လုံးကလေးများ ဝင်းဝိုင်းစွာ ဖြင့် ကသော ကမျော မေးလိုက်၏ ။

"နာမည် က ဂျပန်မတဲ့ လှနုဖြူလို့လဲ ခေါ်တယ်တဲ့၊ သူ့ သူငယ်ချင်းရဲ့ သမီး၊ အဲဒါကို လိုက်ရှာရမယ်လို့ ကိုကိုနောင်နဲ့ ကျုပ်ကို ပြောတယ်ဗျ"

ဝေယံသည် အ ဖြစ်မှန်ကို ဖုံးဖုံး ဖိဖိကလေး ထားပြောလိုက်၏ ။ အကြောင်းစုံကို ပြောပြလိုက်လျှင် သူ့ အဖေ ဦးကိုကိုလတ်သည် လူညစ်ပတ်ကြီးမှန်း ကျော့ကေခိုင် သိတော့မည် မဟုတ်ပါလား"

"အမယ်လေး...အရူးမကားများ အဟုတ်လုပ်လို့ကွယ် စိတ်ညစ်နေရတယ်လို့ အဟင်း...ဟင်း"

"ဖေဖေက ရူးတယ် ဆိုပေမယ့် အရူးပါးနော်၊ မမကေခိုင် သိပ်လျှော့မတွက်နဲ့၊ သူ့ဆီမှာ အဲဒီ အမွေခံ ကောင်မလေးရဲ့ သက်သေခံ အထောက်အထား ရှိတယ်ဗျ"

"ဟင်..ဘာ သက်သေခံ အထောက်အထားလဲ"

သည်အခါမှ ကေခိုင် လှုပ်လှုပ် ရှားရှား ဖြစ်လာသည်။

"ချွမ်း အသည်းပုံ ဆွဲသီး တစ်ခြမ်းလေ၊ သူ့အဖေ နာမည် အတိုကောင်နဲ့

တစ်ခြမ်းက ဖေဖေ့မှာ ရှိပြီး ဖေဖေ့ နာမည် နဲ့ ၊ တစ်ခြမ်းက သူ့ဆီမှာ ရှိတယ်”

“ဟင်..ဟုတ်လား ၊ အဲဒါ ကိုနောင်နောင်က ဘာပြောလဲ ဟင်”

“ဘုရား ဖြစ်မယ့် အုတ်နီခဲကြီးက ဖေဖေ့ ဆန္ဒအတိုင်း လိုက်ရှာမလို့တဲ့ ၊ သတင်းစာထဲလဲ တည့်ခေါ်ကြည့်မယ်တဲ့ ၊ ကျုပ် သဘော ကတော့ မရှာစေချင်ဘူးဗျာ၊ တွေ့ရင် စာရင်းတွေ ရှုပ်လာကုန်တော့မှာ ”

“အင်း…ဟုတ်တာပေါ့ ၊ သီတဂူရဲ့ အမွေအနှစ် ကို သုံးယောက် ခွဲရမှာ ဆိုရင် ဝေယံတို့ ညီအစ်ကို အတွက် ဝေယံ လျော့သွားမှာ ပေါ့နော်”

ကောင်းကလေး သဘောကို စင်းလုံးသိနေသော ကေခိုင်က အကင်းပါးစွာ ပြောလိုက်၏ ။

“ဟုတ်တယ်၊ ဒီအမွေကို ကျုပ်တို့ နှစ် ယောက် ကလွဲလို့ ဘယ်သူ့ကိုမှ မပေးနိုင်ဘူး ၊ ခုလဲ အဲသလို ပြောမို့ ကိုကိုနောင် ထထိုးမယ် လုပ်တယ်လေ ၊ သူပါ မရှိရင် ကောင်းမှာ ”

“ဟဲ့…အဲသလို မပြောရဘူးလေ ၊ ကိုယ့်အစ်ကိုကို”

“တော် ပါဗျာ ၊ ခင်ဗျားကြီးလဲ မကောင်းဘူး၊ ကိုကိုနောင်ဘက်က အလကားပဲ တင်းလိုက်ပေးနေတဲ့ ရှေ့နေမကြီး”

“မဟုတ်ရပါဘူး ဝေယံရယ် ၊ မမကေခိုင်က မင်းတို့ နှစ် ယောက် စလုံးကို ခင်တာ ချစ်တာပါကွာ”

ကေခိုင်က မျက်နှာ လွှဲဖယ်ထားလိုက်သော ဝေယံ၏ ပခုံးကလေးကို သူ့ လက်နှစ် ဘက်ဖြင့် ဆုပ်ကိုင်ကာ လေချိုသွေးလိုက်သည်။

ဝေယံ၏ မျက်နှာ ဖျတ်ခနဲ့ ပြန်လှည့်လာ၏ ၊ ထိုအခါ ကေခိုင်၏ မျက်နှာသည် သူ့မျက်နှာနှင့် အလွန် နီးကပ်စွာ ရှိနေတော့သည်။

“မမကေခို”

"ဘာလဲ ဝေယံ"

"မမကေခိုက် ဝေယံကို မချစ်နိုင်ဘူးလားဗျာ"

"ဟင်"

ကေခိုင်သည် ဝေယံ၏ ပခုံးကို ကိုင်ထားသော လက်များ ပြုတ်ကျသွားကာ အံ့အား သင့်နေ၏ ။

"မမကေခိုင် ပြောလေဗျာ၊ ပြောစမ်းပါဗျ၊ ဝေယံကို မချစ်နိုင်ဘူးလား"

ဝေယံသည် ကေခိုင်၏ ပခုံး ဖွေးဖွေးကလေး နှစ် ဘက်ကို ခပ်ကြမ်းကြမ်း သူ့ လက်နှစ် ဘက်ဖြင့် ဆုပ်ကိုင်ကာ မချင့်မရဲ့ လှုပ်ခါ၍ မေးနေ၏ ။

"အို..ဝေယံရယ်"

"မသိဘူး..မသိဘူး၊ ကျုပ် ကတော့ ခင်ဗျားကြီးကို ချစ်တယ်၊ ခင်ဗျားကြီးသာ ကျုပ်ကို ချစ်ရမှန်း မသိဘူး၊ ကိုကိုနောင်ကိုသာ သဲကြီး မဲကြီး ဖြစ်နေတာ ၊ ကျုပ် သည်းမခံနိုင်တော့ဘူး သိလား"

"အို...ဝေယံ..ဝေ"

ကျော့ကေခိုင် စကားဆုံးအောင် ပြောနိုင်ခွင် မရှိတော့ပါ။

ကွေးညွှတ်လှပသော နှုတ်ခမ်းလေးအစုံကို နမ်းပစ်လိုက်သည်။

"ဝေယံ"

"မမကေခိုင်"

ဝေယံ၏ အနမ်းများ တွင် ကေခိုင် နစ်မွန်း ရလေပြီ။

ကေခိုင်၏ လက်များ သည် ဝေယံ၏ လည်ပင်းကို အလိုလို တင်းကျပ်စွာ ပြန်လည် ဖက်မိလျက်သား ဖြစ်နေပါတော့သည်။

*

# (၅)

ကေခိုင် တစ်ယောက် အခက် တွေ့နေချေပြီ၊ ငွတ်တရွတ် သမားကလေး ဝေယံကိုကို၏ အပွေ့အဖက် အနမ်းများ ကိုလည်း မြိန်ရှက် နှစ်သက် ခြင်း ရှိလှ၏ ။

တစ်ဘက်ကလည်း သက်တူရွယ်တူ လူခန့်လူချောကြီးကိုလည်း လက်လွှတ်ရမည် ကို စိုးရိမ်လှ၏ ။

တကယ်တော့ သူ့ ဘဝအတွက် မားမားမတ်မတ် ဘဝ အာမခံချက်ပေးကာ ရပ်တည်နိုင်မည့် သူက နောင်လတ်ကိုကိုပင် မဟုတ်ပါလား။

ကေခိုင်၏ ကွန်ပြူတာ ဦးနှောက်သည် လှုပ်ရှား၍ နေ၏ ။

"မမကေခိုင် ဘာတွေ စဉ်းစားနေတာလဲ"

ကေခိုင်က ဝေယံ၏ သန်မာသော လက်မောင်းများ ကြားမှ အသာအယာကလေး ထွက်လိုက်သည်။

"ဝေယံရယ် မမကေခိုင် ဘာပြောရမှန်းတောင် မသိတော့ဘူးကွယ်"

"မမကေခိုင် ဝေယံကိုပဲ ချစ်ပါ ၊တခြား ဘာမှ ပြောစရာ မလိုဘူး"

"မမကေခိုင် ဝေယံကို ချစ်...ချစ်ပါတယ်ကွယ်"

"တော် ပြီ...ကျေနပ်သွားပြီ မမကေလိုင် ၊ဝေယံလေ ကိုကိုနောင်လို ပညာတတ်ကြီး တစ်ယောက် မ ဖြစ်သေးပေမယ့် တင်တောင့် တင့်တယ်တော့ ထားနိုင်မယ့် အမွေစား အမွေခံ တစ်ယောက် ပါဗျာ ၊ သီတဂူရဲ့ အမွေက အနည်းဆုံး သိန်းသုံးဆယ်ရှိနယ် မမကေခိုင်"

"ဟို...ကောင်မလေးကော"

"ခေါက်ထားလိုက်စမ်းပါဗျာ ၊ ဒီကောင်မလေးကို ရှာမတွေ့နိုင်ပါဘူး၊ တွေ့ရင်လဲ ဝေယံ ကတော့ ရှင်းပစ်မှာ ပဲ"

ကောင်းဆိုးကလေး၏ ပုံးပန်းက ပါးစပ်က ထွက်သည့်အတိုင်း လုပ်မည့် အစားမျိုး ကလေး ဖြစ်၏ ။

"ဒီမှာ ဝေယံ ၊ ဝေယံနဲ့ မမကေခိုင် ချစ်နေတာကို ဘယ်သူမှ မသိစေနဲ့ ဦးနော်"

"ဘာ ဖြစ်လို့လဲဗျ"

ဝေယံသည် ရှုးသိုးသိုဖြင့် ဆတ်ခနဲ့ မေးလိုက်သည်။

"ဩော်..ဝေယံကလဲကွယ်၊ မမကေခိုင်က ဝေယံထက်ကြီးတယ် မဟုတ်လား ၊ ကလေးကို မုန့်ပေးကြိုက်တယ်လို့ ပြောကြမှာ သေချာတယ်"

"ပြီးတော့ ကိုယ်ရမယ့် အမွေကလဲ မရသေးဘူး မဟုတ်လား ၊ ဒီကြားထဲ လူကြီးတွေ က သဘောတူရင် ကောင်းပါရဲ့ ၊ နို့ မဟုတ်ရင် ခက်နေမယ်"

"မမကေခိုင်ရဲ့ စကားကိုသာ နားထောင်စမ်းပါ ဝေယံရယ်"

"ဒါပဲနော် ၊ မမကေခိုင် ပြောသလို ဝေယံ နေမယ် ၊ မမကေခိုင်သာ ကိုကိုနောင်နဲ့ မပလူးနဲ့ "

"ဝေယံကလဲကွာ ဘယ်လိုပြောလိုက်တာလဲ"

"ကျုပ် အူပွပြီး ကျွဲမြီးတိုမှာ စိုးလို့"

"အမလေး ကျွဲမြီးလဲ မတိုနဲ့ ၊ အူလဲ မပွနဲ့ ၊ မမကေခိုင်က မင်းလေးကို ချစ်ပါသတဲ့ရှင်"

ဝေယံ၏ နဖူးကို ဖွဖွရွရွကလေး အနမ်းပေးကာ ကေခိုင်က ပြောလိုက်လျှင် ဝေယံ၏ သုန်မှုန်နေသော မျက်နှာသည် ကြည်လင်၍ လာ၏ ။

သည်ကောင်ငယ်ကလေးကို ကိုယ်တွယ်ရသည်မှာ ကေခိုင်အဖို့ ထင်သလောက် မခက်လှပါကလား...။

*

"ဟင်....ဒါတွေ ဘယ်သူ ဆေးထားတာလဲ"

စိတ်မနှံ့သူ ဒေါ်နှင်းဥသည် လူမမာ ဦးကိုကိုလတ်၏ ခုတင်အောက်မှ အညစ်အကြေးစွန်း သော အိုးခွက်များ ကို ကြည့်ကာ မကျေမနပ် ရှိလှသော မျက်နှာဖြင့် ကြည့်လိုက်သည်။

"ကျွန်မ အားလို့ ဆေးထားလိုက်တာပါ ဒေါ်နှင်းဥ"

"နောင်ကို ညည်း ဒီကိစ္စတွေ မလုပ်ပါနဲ့ ၊ ဒါ ကျုပ် အလုပ် ။ ညည်းအလုပ်သာ ညည်းလုပ်ပါ"

"ဩော် ...ဟုတ်..ဟုတ်ကဲ့၊ ဒေါ်နှင်းဥ သိပ် မအော်နဲ့ နော် ၊ ဦး နိုးသွားမှာ စိုးလို့ "

ဒေါ်နှင်းဥသည် စူးစူးရဲရဲ ရှိလှသော မျက်လုံးများ ဖြင့် ဟိုဟို သည်သည်ကို ကြည့်ပြီး ဦးကိုကိုလတ်၏ အိမ်ခန်းမှ ပြန်လည် ထွက်ခွာသွားသည်။

"ဒါက ဘယ်လို ဖြစ်လာတာလဲ"

"ဟို...ဆရာမ ပေါ့"

"ဟို...ဆရာမ ဘာ ဖြစ်သလဲ"

ဒေါ်ဦးက ကြက်တစ်ကောင်ကို ခုတ်ထစ်နေရာမှ မေးလိုက်သည်။

"ကျုပ် လုပ်နေကျ ကျုပ်အလုပ်ကို သူက ရှည်လုပ်ထားတယ်"

"ဒါများ ကောက်ရတယ်လို့"

"ကောက်ရတယ်အေ့၊ ကျုပ်က ကျုပ်အလုပ် သူများ ဝင်လုပ်တာ နည်းနည်း မှ မကြိုက်ဘူး"

"အေး....နောက်တစ်ခါ မလုပ်ဖို့ ကျုပ် ပြောထားလိုက်မယ်၊ အဲဒီ အိုးတွေ

ဆေးပေးဦး၊ ပြီးတော့ ရေတ်သီး ထောင်း”

“ကျုပ် အလုပ် ကျုပ် သိပါတယ်တော် ”

စိတ်မနံ့သူ တစ်ဦးကို ကိုယ်တွယ်ရသည့် အလုပ်ကလည်း အခက်သားပါကလားဟု တွေ းကာ ဒေါ်ဦးသည် ပင့်သက်ကြီး ချလိုက်၏ ။

“ဒေါ်ဒေါ်ဦး”

“ဩော် ..သမီး”

“ဦး..နိုးလာပြီ၊ အခြေအနေ ကောင်းပါတယ်”

“ဝမ်းသာ လိုက်တာကွယ်၊ အဲဒီ စားပွဲပေါ်မှာ သူ့အတွက် စားစရာတွေ အသင့်ပြင်ထားပြီးပြီ သမီးလေးရဲ့၊ တစ်ခါတည်း ကော်ဖီနဲ့ မုန့် သောက်သွား”

“ဟုတ်ကဲ့”

ဒီဇင်ဘာသည် စားပွဲတွင် ဝင်ထိုင်လိုက်ပြီး ကော်ဖီ တစ်ခွက် ငှဲ့ယူနေစဉ် လည်ပင်းတွင် မျက်နှာသုတ်ပဝါကို ချိတ်ဆွဲ၍ ဝင်လာသော နောင်လတ်ကိုကို တွေ့လိုက်ရသည်။

“ကိုယ်တော့ ခုမှပဲ နိုးတော့တယ်၊ ဒီဇင်ဘာတော့ ပင်ပန်းနေမှာ ပဲနော်”

“မပင်ပန်းပါဘူး ကိုနောင်”

ဒီဇင်ဘာက နောင်လတ်ကိုကိုအတွက် ကော်ဖီတစ်ခွက်ငှဲ့ ထည့်ပေးလိုက် သည်။

“ဒေါ်နှင်းဥကြီး ဘာ စားပြီးပြီလဲ”

“ကျုပ်လား ထမင်းကြမ်းပေါ့၊ ကျုပ်က တော် တို့လို ကာဖီတွေ ကာဖက်တွေ ကြိုက်တာမှ မဟုတ်ဘဲ”

“အဟင်း..ဟင်း...ဟင်း”

နောင်လတ်ကိုကိုသည် သဘောကျစွာ ရယ်မောရင်း ပေါင်မုန့် အသားညှပ် တစ်ချပ်ကို ယူလိုက်သည်။

“ဒေါ်နှင်းဥက အိမ်အလုပ် သိပ် လုပ်တတ်တယ် ဒီဇင်ဘာရဲ့၊ ခုမှသာ....”

“ခုမှသာ ဘာ ဖြစ်သလဲ၊ ကျုပ် ရူးနေလို့လို့ ပြောမလို့ မဟုတ်လား၊ ကျုပ် မရူးပါဘူးနော်၊ ကျုပ် မရူးပါဘူး၊ ရှင်တို့..ရှင်တို့တွေ အားလုံး ရူးနေကြလို့သာ ကျုပ်မှာ အခက်တွေ့ရေတာ ”

ဒီဇင်ဘာ၊ ဒေါ်ဦးနှင့် နောင်လတ်ကိုကိုတို့ထံ လက်ညှိုး ငေါက်ငေါက်ထိုး၍ ပြောနေသဖြင့် ..

အားလုံး ရယ်လိုက်မိကြသည်။

“ဟော..အရူးတွေ ရယ်နေပြီ၊ အဟက်..ဟား....ဟား...ဟာ”

“ဟဲ့...မနှင်းဥ၊ သွား..သွား ခြံထဲက ပျဉ်းတော် သိမ်ရွက် လေးငါးခက်လောက် သွားခူးစမ်း”

ဒေါ်ဦးက ခိုင်းလိုက်သည်တွင် အရယ်ကို ရတ်ခနဲ့ တန့်ပစ်ကာ သူ့ကိုယ်ပေါ်က ချင်းစောင် အနက်ကွက်ကြီးကို ခေါင်းမြီးကလေး ခြုံလိုက်ပြီး နောက်ဖေးပေါက်သို့ ထွက်သွား၏ ။

“သူနဲ့ အပြန်အလှန် စကားပြောနေလို့ ကတော့ ဒီတစ်သက် ပြီးမှာ မဟုတ်တော့ဘူး၊ ဒါကြောင့် ခိုင်းလိုက်တာ”

“အဟင်း..ဟင်း၊ ဒေါ်ဒေါ်ဦး ကတော့ ဒေါ်နှင်းဥ အထာကို ကောင်းကောင်း သိနေပြီ ဒီဇင်ဘာ”

“ဟုတ်တယ်နော်”

“ရော့...စားပါဦး ဒီဇင်ဘာ၊ အိပ်ရေး ပျက်ရင် အစားများများ စားရတယ်”

ဒီဇင်ဘာသည် နောင်လတ်ကိုကို တိုးရွှေ့ပေးသော ပန်းကန်ထဲမှ ပေါင်မုန့်အသားညှပ်တစ်ခုကို နှိုက်ယူလိုက်သည်။

"ညီကော ဒေါ်ဒေါ်ဦး"

"စောစောစီးစီး ဘယ်ထွက်သွားတယ် မသိပါဘူးကွယ်"

"ဒီကောင် သိပ်ခက်တာပဲ"

"မနက်က ကျွန်တော် အခန်းထဲ ဝင်လာပြီး ဖေဖေ ပြောတဲ့ ကောင်မလေးကို မရှာဖို့ ပြောတယ်"

"တယ် ဒီကောင်လေးက မဟုတ်မဟပ်တာ"

"အင်းလေ..သူက သီတဂူက ပစ္စည်းဥစ္စာတွေ ကို ခွဲပေးရမှာ သိပ်စိုးရိမ်နေပုံရတယ်"

"ဒီတော့ မင်း ဘာပြောလိုက်သလဲ"

"သူ့ သဘောကို ဘယ်လိုက်နိုင်မလဲ ၊ ဖေဖေ ပြောတဲ့ အတိုင်းဆိုရင် မတရားကြီး ဖြစ်နေတဲ့ ဥစ္စာ ၊ ကျွန်တော် ကောင်းကောင်း ဆူလွှတ်လိုက်တယ် ၊ ဆွဲတောင် ထိုးပစ်မိမလို့"

"အို…ကိုယ်ထိလက်ရောက်တော့ မလုပ်ပါနဲ့ ၊ သူက လူငယ်ဆိုတော့ ကိုနောင်လို ဘယ်တွေးတတ်ပါ့မလဲ ၊ လောဘစိတ်ကပဲ ကြီးစိုးနေမှာ ပေါ့"

"ဟုတ်တယ် ၊ သမီးလေးပြောတာ မှန်တယ်၊ ဝေယံမှာ လောဘစိတ် ကြီးစိုးနေတာတော့ အမှန်ပဲ ၊ ဖမျိုး ဘိုးတူတာလေ။

"အဟွန်း..သူ အမေရှိတုန်းကလဲ ဒီလိုပဲ မဟုတ်လား၊ ဘာမဆို ငမ်းငမ်းကို တက်နေတာပဲ။

"ကိုယ့်တူ ကိုယ့်သားတော့ မှန်ပါတယ် ၊ ဒါပေမယ့် အလုပ်မဟုတ်ရင်တော့

ဒေါ်ဦးတို့က ခြေမ မကောင်း ခြေမ ၊ လက်မ မကောင်းလက်မ ဖြတ်ပစ်ဖို့ ဝန်မလေးဘူး၊ နောင်နောင် မင်းအဖေကြီး စိတ်ချမ်းသာရာရအောင်လို့ လုပ်စရာ ရှိတာတွေ သာ ဆက်လုပ် ”

“ဟုတ်ကဲ့ ဒေါ်ဒေါ်ဦး၊ အို…ဝပြီလား ဒီဇင်ဘာ”

“ဝပြီ အခန်းထဲမှာ ဦး နိုးနေတယ် ၊ သူလဲ ဆာရှာပေါ့”

“ဩော် ..ဖေဖေ နိုးနေပြီလား”

“အင်း”

ဒီဇင်ဘာသည် စားသောက်စရာများ ထည့်ထားသော လင်ပန်းကိုယူကာ လူနာခန်းဆီသို့ ပြန်သွားတော့သည်။

“အင်း..ဒေါ်ဒေါ်ဦးနဲ့ ကိုနောင့် သဘော ကတော့ မဆိုးဘူး၊ သတိထားရမှာ က ဝေယံကိုပဲ ” ဟု ဒီဇင်ဘာက တွေ းလိုက်သည်။

“ကလေးမလေးက လိမ္မာလိုက်တာကွယ် ၊ အိမ်က ကောင်နဲ့ တော့ ကွာပါ့”

“ဟုတ်တယ် ဒေါ်ဒေါ်ဦး၊ ကျွန်တော် တို့မှာ ဝေယံအစား ဒီလိုညီမလေးမျိုး တစ်ယောက် ရှိရင်

သိပ်ကောင်းမှာ ပဲနော်”

“အေးတော် ဟုတ်ပ၊ ဟဲ့….ဒါနဲ့ ဒီမနက် ဟိုဘက်ခြံက ဆက်စလူးမလေး ရောက်မလာပါလား”

“ဟာ ဒေါ် ဒေါ်ဦးကလဲ တိုးတိုးပြောပါ၊ ကေခိုင်က ဒီအိမ်ကြီးထဲကို တံခါးမရှိ ဓားမရှိ ဝင်နေတာ၊ ကြားသွားရင်မကောင်းပါဘူး”

“မကောင်းလဲ အေးတာပဲ၊ နောင်မလာရုံပေါ့”

“ဟာ မဟုတ်တာပဲ ဒေါ်ဒေါ်ဦးရ”

“ဘာ မဟုတ်ရမှာ လဲ.. မင်းကျပ်ကျပ် သတိထားနေ၊ မင်းက မိန်းမနဲ့

ပတ်သက်လာရင် ဘာအတွေ့ကြုံမှ ရှိတာမဟုတ်ဘူး၊ ဒီကောင်မလေးက ရေလာမြောင်းပေးသိပ်လုပ်အားကြီးတယ်၊ မိန်းခလေးဆိုတာ အိန္ဒြေကလေးလဲ ရှိဦးမှပေါ့၊ ခုတော့မဟုတ်ပါဘူးတော် သူကစပြီး ရှာကျော်မ ဖြစ်နေတယ်၊ ပြောမပြောချင်တော့ပါဘူး"

"အ ဟား ဟား ဟား မပြောချင်လို့ဘဲတော် တော့တယ်၊ ဒေါ်ဒေါ်ဦး ဥစ္စာက အဟားဟားဟား"

"တယ်....ငါယောက် မနဲ့ ခုတ်လိုက်ရလို့..ဘာ လူကြီးကိုရယ်နေတာလဲ၊ အကောင်ပြောနေတာ ရယ်စရာမှတ်လိုလား"

ဒေါ်ဦး တစ်ယောက် နှုတ်ခမ်းစူသွားတော့မှ နောင် လတ်ကိုကိုလည်း အရယ်တန့်သွားတော့သည်။

"ဒါတွေ တော် ပြီးလား၊ သိမ်းလိုက်တော့မယ်"

"သိမ်းလိုက်တော့ ဒေါ်ဒေါ်ဦး"

ဒေါ်ဦးသည် ကော်ဖီ ကရားကို တီးကိုဇီ အောက်တွင် အပူမပျောက်စေရန် အုပ်ဆိုင်းထားလိုက်ပြီး မုန့်ပန်းကန်များ ကို ကြောင်အိမ်ထဲသို့ ပြန်ထည့်ထားလိုက်သည်။

နောင်လတ်ကိုကိုလည်း သူ့ အိပ်ခန်းထဲဆီ ပြန်ကာ အဝတ် အစားသစ် လဲလှယ်လိုက်၏ ။ ထို့နောက် ဖခင်၏ အိပ်ခန်းဆီသို့ ရောက်လာခဲ့သည်။

"ဖေဖေ နေကောင်းတယ်နော်"

"အင်း"

ဆရာမ လေး ဒီဇင်ဘာ တိုက်ကျွေးနေသော ကွပ်ကာအုပ်ရည်ကို သောက်ရင်းက ဦးကိုကိုလတ် ဖြေလိုက်သည်။

ဘောင်ဘီရှည် သားမွေး ဂျာကင်အင်္ကျီ အညိုရင့်ရောင် နှင့် အလွန်ကြည့်၍ ကောင်းနေသော နောင်လတ်ကိုကိုသည် ဖခင်၏ ခုတင်ဘေးတွင် တင်ပါးလွှဲကလေး ထိုင်ကာ ဖခင်၏ လက်များ ကို ကိုင်ထားနေ၏ ။

“ဖေဖေ ပြောတဲ့ကိစ္စ မြန်မြန်အကောင်အထည်ပေါ်အောင် လုပ်ပေးနော် သားကြီး”

“ဟုတ်ကဲ့ပါ ဖေဖေ ၊ စိတ်ချနေပါ”

“ငါ့သားကြီးဆိုရင် ဖေဖေ စိတ်ချပါတယ် ၊ ဒါနဲ့ သားကြီး ဒီနေ့ ဘယ်တွေ သွားဦးမလဲ”

“သတင်းစာထဲထည့်ဖို့ စီစဉ်ပြီးရင် နွားတွေ ဆေးထိုးဖို့ ဒေါက်တာ ခေါ်ထားတယ် ဖေဖေ”

“ဪ..အေး...အေး...အေး”

“ခူးချိန်တန်တဲ့ သစ်တော် သီးတွေ ကလဲ ခူးရဦးမယ် လူခေါ်ထားတယ် ဖေဖေ”

“အင်း....ဖေဖေ သားကြီးက သိပ်အလုပ်လုပ်တဲ့ သားကြီးပဲ ၊ ကဲ...ကဲ သွားစရာရှိတာ သွား”

“ဖေဖေ နေကောင်းအောင်နေနော်၊ ဘာမှမတွေးနဲ့ ၊ သား အလုံး ဖေဖေ့ စိတ်တိုင်းကျ ဖြစ်အောင် လုပ်ပေးမယ်”

“ကျေးဇူးပါပဲ သားကြီးရယ်”

“သွားမယ် ဒီဇင်ဘာ”

“ဟုတ်ကဲ့ ကိုနောင် ၊ ဒါလေး တစ်ဇွန်း နှစ် ဇွန်းစာပဲ ကျန်တယ် ၊ သောက်လိုက်ပါဦး ...ဦး”

ဦးကိုကိုလတ်သည် ကွပ်ကာအုပ်ရည်ကို ကုန်စင်အောင် သောက်လိုက်သည်။

“ရော့ ...ဒါ မနက်စာ ဆေး”

မဆိုင်းမတွ သောက်လိုက်ပြန်သည်။

“ကဲ ..စားလဲ စားပြီးပြီ၊ ဆေးလဲ သောက်ပြီးပြီ၊ ဘာလုပ်ချင်သလဲ ဦး၊

လုပ်ချင်တာရှိရင် ဒီဇင်ဘာ လုပ်ပေးမယ်"

"တရားစာအုပ်ကလေး ဖတ်မလားလို့"

"အို ...ကောင်းတာပေါ့၊ဒါလား"

"အေး...ဟုတ်တယ်၊ အဲဒီ စာအုပ်"

လူမမာ ဦးကိုကိုလတ် တစ်ယောက် တရားစာအုပ် ဖတ်နေသည့်အချိန်တွင် ဒီဇင်ဘာလည်း အလကားမနေဘဲ လူနာခန်းကို သပ်ရပ်အောင် ရှင်းလင်းပေးနေ၏ ။

ထို့နောက် အဝတ်အစားများ ရှုပ်ပါနေသော ဗီရိုကိုလည်း ဆက်၍ ရှင်းလိုက်သည်။

သူ့ မျက်လုံးများ က ညကတွေ့လိုက်ရသော ငွေကြေးတ်ကလေးကို ရှာဖွေနေမိ၏ ။

စိတ်အာရုံကလည်း ငွေကြေးတ်ကလေးဆီသို့ သားရောက်နေသည်။

ဒီဇင်ဘာသည် ဦးကိုကိုလတ်ထံသို့ နစ်ချက် လှမ်းကြည့်လိုက်သည်။

ဦးကိုကိုလတ်သည် သူ့ လက်ထဲက တရားစာအုပ်တွင် သာ နစ်မွန်းနေပုံရသည်။

မသိမသာ ပင့်သက်ကလေး ရှိုက်ရင်း သူသည် ဗီရို၏ အလယ်အံကလေးကို ဆွဲလိုက်ရာ ငွေကြေးတ်ကလေးကို ဘွားခနဲ့ တွေ့လိုက်ရသည်။

ပတ်ဝန်းကျင်ကို လူသူရောက်မရောက် မျက်လုံးကလေးများ လည်ခနဲ့ နေအောင် ကြည့်လိုက်ပြီး သူသည် ငွေကြေးတ်ကလေးကို အလျင်အမြန် ဖွင့်လိုက်သည်တွင် ချွမ်အသည်းခြမ်းကလေးကို တွေ့ရတော့သည်။

သူသည် မသိမသာ တုန်နေသော လက်ချောင်းကလေးများ ဖြင့် ထို ဆွဲပြားခြမ်းကလေးကို ဆတ်ခနဲ့ ကောက်ယူပြီး လက်ထဲတွင် ဆုပ်ကိုင်ထားလိုက်သည်။

လက်ကြောကလေးများ တင်းနေရုံသာမက သူ့ကိုယ်လုံးကလေးလည်း

တောင်းတင်း၍ နေ၏ ။

“ငါ ဘာလုပ်ရမလဲ ၊ ငါ လာဆက်လုပ် ရမလဲ”

သူ့ ဦးနှောက်ထဲတွင် ဆူပူနေအောင် တွေးနေစဉ် ခြေသံ ကြားလိုက်ရသဖြင့် လက်ထဲက ပစ္စည်းကို ကြုတ်ထဲ ပြန်ထည့်ကာ အံကိုပိတ်ပြီး အင်္ကျီတစ်ထည်ကို ခေါက်နေလိုက်သည်။

ဝင်လာသူက ဒေါ်ဦး။

“ဩော်...သမီးလေး ဗီရိုရှင်းပေး နေသလား၊ အေးကွယ်၊ ဒေါ်ဦးမှာ လဲ အိမ်အလုပ်က များတော့ ဒါတွေ ဘယ်လိုမှ ရှင်းချိန်မရဘူး၊ ဘယ်နှယ့် အစ်ကိုကြီး အစာ ဝင်ရဲ့ လား”

“ဝင်ပါတယ် ဒေါ်ဒေါ်ဦး”

“အေး...အေး.. ကောင်းပါလေ့ကွယ်”

*

လူမမာကြီး ဦးကိုကိုလတ်သည် သတင်းစာထဲတွင် သားကြီး ဖြစ်သူ နောင်လတ်ကိုကို ထည့်သည့် ကြော်ငြာလိုက်သော ကြော်ငြာစာကို ဖတ်ရှုလိုက်ရလျှင် ကျေနပ်အားရခြင်း လွန်စွာ ဖြစ်သွား၏ ။

ပူလောင်နေသော သူ့စိတ်များ အေးချမ်းစ ပြုလာ၏ ။

စားဝင် အိပ်ပျော်သဖြင့် လည်း ကျန်းမာရေး က သိသိသာသာကြီး ကောင်းမွန်လာသည်။

တစ်ခါတစ်ရံနေခြည်နုနု ဖြာသက်သော သီတဂူခြံဝင်းကြီး၏ ပန်းခြံထဲသို့ပင်

ဆရာမ လေး၏ အကူအညီဖြင့် ထွက်လျှောက်လေ့ ရှိလာ၏ ။

ဤသို့ တိုးတက် ကောင်းမွန်လာသော ဦးကိုကိုလတ်၏ ကျန်းမာရေး ကို ကြည်နူး အားရနေသူ နှစ် ဦးက ဒေါ်ဦးနှင့် နောင်လတ်ကိုကိုတို့ ဖြစ်၏ ။

အိမ်တစ်အိမ်တွင် ပါလေ့ရှိသော သိုးမည်း တစ်ကောင် ဖြစ်သည့် ဝေယံကိုကို ကတော့ ဖခင်ကြီး၏ ကျန်းမားရေး မှာ သူထင်သလို မဟုတ်ဘဲ ပြန်ကောင်းစ ပြုလာသဖြင့် လိုက်လေ ဝေးလေ ဖြစ်နေသည့် အမွေအတွက် မချင်မရဲကြီး ဖြစ်နေ၏ ။

သူ့ကို ကေခိုင်က အမြော်အမြင်ကြီးစွာ သတိပေး၍ ပိရိစွာ ထိန်းကျောင်းနေရပေ၏ ။

သူသည် သီတဂူခြံကြီးထဲသို့ အလျင်ကကဲသို့ ဝင်မြဲ ထွက်မြဲ လုပ်လေ့ရှိသည်ကို ဖြတ်မပစ်ဘဲ ရေလိုက် ငါးလိုက် နေသဖြင့် သူနှင့် ဝေယံကိုကိုတို့၏ အကြောင်းကို မည်သူကမှ မရိပ်မိဘဲ ရှိနေ၏ ။

ယခုတော့လည်း သီတဂူ ခြံကြီးသည် နေချင်စဖွယ် သာယာ လှပ နေလေပြီ။

“ဆရာမ လေး”

“ပြောပါ…ဦး”

“ဦးတို့ သီတဂူခြံကြီးက သိပ်လှတယ်နော်”

“ဟုတ်ကဲ့..လှပါတယ် ဦး”

“ငှက်ပေါင်းခ၊ ပန်းပေါင်းစုံလို့လဲ သိပ်ကြည်နူးပြီး ပျော်စရာကောင်းတယ်”

“ဟုတ်ကဲ့”

“သားကြီးက သီတဂူကို အရမ်း ဂရုစိုက်တယ်”

“ဟုတ်ပါတယ် ဦး”

“ဒီခြံကို ဆရာမ လေးရောက်တော့ ဘယ်နှစ် ရက် ရှိပြီလဲ ဟင်….”

"ဒီနေ့ဆိုရင် အရက်နှစ် ဆယ်ပြည့်ပြီးပြီ"

"တစ်ခါမှ တစ်ခြံလုံးကို လျှောက်မကြည့်ရသေးဘူး မဟုတ်လား"

"ဟုတ်ကဲ့.."

"ဒီနေ့ လိုက်ကြည့်ပေတော့၊ ဦး ဆရာမ ကလေးကို လိုက်ကြည့်စေချင်တယ်၊ ဦး နေကောင်းပါတယ်၊ ဒီမှာ ပဲ စာထိုင်ဖတ်နေမှာ ပါ၊ ဆရာမ လေးလဲ ပင်ပန်းတဲ့ ရက်တွေ များ နေပြီ မဟုတ်လား၊ အပန်းဖြေလိုက်ပါဦး"

"ဟုတ်ကဲ့ ...ကျေးဇူးတင်ပါတယ် ဦး"

ဒီဇင်ဘာသည် သီတဂူခြံဝင်းကြီးကို ကြည့်ချင်နေသည်မှာ ကြာပြီ ဖြစ်၍ မဆိုင်းမတွဘဲ ဦးကိုကိုလတ် နှင့် အတူ ထိုင်ရာမှ ထလျှောက်ခဲ့သည်။

သီတဂူအိမ်ကြီး၏ အရှေ့ဘက်တစ်ခြမ်းလုံးတွင် အရောင် အသွေး စုံလှသော ဂန္ဓမာပန်း၊ဟောလန်ပန်းနှင့် နှင်းပန်းခင်းများ ကို စတွေ့ရသည်။

မြောက်ဘက်ခြံတွင် ဆီထွက်နေကြာခင်းကြီးက မျက်စိ တစ်ဆုံးပင်။

တောင်ဘက်ခြံတွင် နိုင်ငံခြားနို့စားနွားမ မွေးမြူ ရေး ခြံကြီးက စနစ်တကျ။

အနောက်ဘက်တော့ သစ်တော် သီး တည်သီးနှင့် မက်မန်းပင်ကြီး အစီအရီ စိုက်ပျိုး ထားလေ၏ ။

တစ်ခုသော မြေကွက်လပ်ကလေးတွင် အိမ်သေးသေးကလေး တစ်ဆောင်...

"ဒေါ်ဒေါ်နှင်းဥရဲ့ အိမ်ပဲ ဖြစ်ရမယ်"

လှမ်းကြည့်လိုက်တော့ ဒေါ်နှင်းဥ ခေါင်းမြီးခြုံနေကျ ချင်းစောင်နက်ကြီး နေလှန်းထားသည်ကို တွေ့ရ၏ ။

ဒီဇင်ဘာသည် တစ်ခြံလုံးပတ်လျှောက် လာခဲ့ရသည်မှာ ခြေညောင်းလာသဖြင့် ခြံအနောက်ဘက် ကမ်းပါးထိပ်ရပ်ကာ အောက်ဘက်က ချောက်ကြီးထဲသို့ ကြည့်နေ၏ ။

အေးစိမ့်သော လေသည် သူ့ကို တိုးဝှေ့ တိုက်ခတ်နေသည်။

မတိုမရှည် ကုပ်ပေါ် ဝဲနေသော သူ့ဆံပင်တို့သည် လေတွင် မျော၍ လွင့်ပါနေသည်။

ဝတ်ထားသော ထဘီမကပ်လည်း ခြေသလုံးတွင် တဖျပ်ဖျပ်လူး၍ လွင့်နေသည်။

"အင်း…သဘာဝ တော တောင် ရေမြေတွေ က ကြည့်ရတာ ကြည်နူးစရာ ကောင်းလိုက်တာ"

သဘာဝ ရှုခင်းတွင် နစ်မွန်းနေသော ဒီဇင်ဘာသည် သူ့ ပတ်ဝန်းကျင် တစ်ခုလုံး သတိမရဘဲ ရှိနေ၏ ။

ထိုစဉ် ရုပ်ခနဲ ခြေသံ တစ်ခု သူ့နားထဲသို့ ဝင်လာ၏ ။

နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်သော် လည်း နောက်ကျသွားပြီ ဖြစ်သည်။

သူ့ကို တွန်းချင်လိုက်သူမှာ ဒေါ်နှင်းဥ ၊ စိတ္တဇဝေဒနာသည်ကြီး ဒေါ်နှင်းဥ ၊ သူ ခြံနေကျ စောင်နှင့် ၊ မှာ းစရာ လုံးဝ မရှိ။

ခန္ဓာကိုယ်ထဲက အသည်းနှလုံးများ အပေါ်သို့မြောက်တက်သွားသည်ကဲ့သို့ ခံစားရပြီ သူ့ ကိုယ်လုံးကလေးသည် လေနှင့် ချောက်ကမ်းပါး အောက်သို့ ကျသွားတော့သည်။

"အား"

ဆရာမ လေး ဒီဇင်ဘာ၏ ကြောက်လန့်တကြား အော်လိုက်သံသည် ပတ်ဝန်းကျင်ကို ပဲ့တင် ထပ်သွားစေသည်။

*